# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၅၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ကိုယ်ရေးအကျဉ်း



မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ကို ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အိုရှာခရိုင်၊ ကိုပိစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ရှခ်လိုဗ်ခရိုင်၊ အလက်ဇန်း ဒရီးယားမြို့ရှိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကူလယ်ရှော့ မိုဂီလက်ဗ် ဆရာအတတ်သင်တက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၈၅ ခုနှစ်တွင် ဘယ်လာရုစ်စိုက်ပျိုးရေးတက္ကသိုလ်မှ စီးပွားရေးဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် စတင်စစ်မှုထမ်းဆောင်ခဲ့ပြီး နယ်ခြားစောင့်တပ်တွင်လည်းကောင်း၊ အနောက်ပိုင်းနယ်နိမိတ်ခရိုင်(ဘရက်စ်)တွင် နိုင်ငံရေးရာနည်းပြဆရာအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ ဆိုဗီယက်တပ်မတော်တပ်ရင်းတပ်ဖွဲ့တစ်ခု၏ ဒုတိယတပ်ဖွဲ့မှူး(နိုင်ငံရေးအရာရှိ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မိုဂီလက်ဗ်ဒေသ၏ အစားအသောက်ကွပ်ကဲရေးဆိုင်ရာ ကွန်ဆိုမိုးလ် ကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မိုဂီလက်ဗ်ဒေသ အိုကြာဘစ်စကီခရိုင် စီမံခန့်ခွဲရေးကော်မတီ၏ သင်တန်းနည်းပြဆရာအဖြစ်လည်းကောင်း၊ ရှခ်လိုဗ်ခရိုင် ဇနာနီ အများပြည်သူပိုင်အဖွဲ့အစည်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ရှခ်လိုဗ်ခရိုင် အူဒါနစ် စုပေါင်းလယ်ယာလုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရှခ်လိုဗ် ဆောက်လုပ်ရေးပစ္စည်းစက်ရုံ၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ လီနင်စုပေါင်းလယ်ယာလုပ်ငန်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အသက် ၃၃ နှစ်အရွယ်တွင် ရှခ်လိုဗ်ခရိုင် ဂိုရီဒက် နိုင်ငံပိုင်လယ်ယာလုပ်ငန်း၏ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၁၉၈၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ယင်းလုပ်ငန်းကို ဦးဆောင်ခဲ့သည်။

မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ၁၉၉၀ ပြည့်နှစ်တွင် ဘယ်လာရုစ် ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ အဓိပတိကောင်စီတွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့များအောက်တွင် ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ကြပ်မတ်စစ်ဆေးသည့် ကော်မရှင်ကို ဦးဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇွန်လတွင် လွှတ်တော်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဦးဆောင်ခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်မှ ယနေ့အထိ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ယနေ့ ဇတ်စရာ**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်**

**ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း**


ပြည်တွင်းသတင်း စာ ၃


## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၀၀၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၄* ◆







# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၁၀ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၁၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၁၂ /၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)
ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်းခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲ အမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ လွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပုံစံ (၁၅) ဖြင့် တောင်းဆို၍ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ၁၅-၉-၂၀၂၅ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့် မဆုံးရှုံးစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပတွင် ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ (၁၅) ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း မိမိရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့် သင့်လျော်သောနေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

◆ *ရွှေဖုံးမှ*

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံစိုက်ဧက ၃၄၉၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ စိုက်ပျိုးပြီးစီးမှုအနေနဲ့ နေကြာဧက ၄၁၅၀၊ မြေပဲဧက ၁၅၅၀၊ နှမ်းဧက ၁၄၃၈၀ စုစုပေါင်း ဆီထွက်သီးနှံစုံ ဧက၂၀၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအလိုက် လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းတို့ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက်ဖွင့်ပွဲ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၆

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေး အခြောက်ခံစက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝူရှီးဟွာကွမ်း ကုမ္ပဏီလီမိတက် (Wuxi Hua Guang (Myanmar) Co., Ltd.)၊ ဒေဗ်စွမ်းအင်နှင့်သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့် မနေ့ရော အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ဦးစွာ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက်ဖွင့်ပွဲကို လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများ ပက်ဖျန်းပေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် မောင်းနှင်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုမ္ပဏီမှ ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို ကာလတို/ ကာလလတ်/ ကာလရှည်အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးလောင်စာအသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းသည် နိုင်ငံတော်ဓာတ်အားစနစ်အတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ကျောက်မီးသွေးအသုံးပြုပြီး ဓာတ်အားထုတ်လုပ်လျက်ရှိသည့် ပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဒေသတွင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေးသယံဇာတများစွာရှိသည့်အနက် ဆပ်ဘစ်တူးမင်းနပ်စ် (Sub–bituminous) အမျိုးအစားကျောက်မီးသွေးများအား အများဆုံးတွေ့ရှိရကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြောက်ခံစက်အသုံးပြုခြင်းဖြင့် အပူစွမ်းအင်ထုတ်လုပ်မှုပိုမိုမြင့်တင်နိုင်ပြီး လျှပ်စစ်ထုတ်လုပ်မှုစွမ်းရည်(Efficiency) တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာ (Advanced Technology)များ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို လျော့နည်းစေသော လျှပ်စစ်ဓာတ်အားများစွာကို စီးပွားရေးတွက်ခြေကိုက်စွာ လက်တွေ့ကျကျ ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ယင်းသည် "အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်များ ထုတ်ယူသုံးစွဲရာတွင် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်" ဆိုသည့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံအား ပထမအဆင့် အကြီးစားပြင်ဆင်ခြင်းများ ဆောင်ရွက်ကာ ဓာတ်အား ၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပြီး ယခုဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ပြီးစီးပြီဖြစ်၍ ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် ယခင်ထုတ်လုပ်မှုထက် ၃၀ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ပေးနိုင်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ မောင်းနှင်လည်ပတ်နေမှုအခြေအနေနှင့် ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် Wuxi Hua Guang (Myanmar) Co., Ltd. မှ တာဝန်ရှိသူတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ထို့နောက် စက်ရုံအတွင်း ပြသိုလှောင်ရုံရှိ စက်ရုံမှ ထွက်ရှိလာသည့်ပြာများ ထုတ်လုပ်နေမှု၊ အသုံးပြုရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် စက်ရုံအတွက် အသုံးပြုသည့်ကျောက်မီးသွေးတူးဖော်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကာ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

**ထပ်မံဖြည့်ဆည်းပေးနိုင်မည်**

ယခုဖွင့်လှစ်သည့် ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းကြောင့် အသုံးပြုလျက်ရှိသော ဒေသထွက် ကျောက်မီးသွေး၏စိုထိုင်းဆများပြားမှုကို လျော့ချကာ အပူစွမ်းအင်ကို တိုးမြှင့်နိုင်ခဲ့သဖြင့် ယခင်လျှပ်စစ်ဓာတ်အား ၉၀ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါ စက်တပ်ဆင်အင်အားပြည့် ၁၂၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ၃၀ မဂ္ဂါဝပ် ထပ်မံဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မအဖွဲ့ ငွေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မအဖွဲ့(MLRC) စတင်တည်ထောင်ခြင်း (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ ပညာတန်ဆောင်စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့တို့မှ ဥက္ကဋ္ဌကြီးများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားပညာရှင်ကြီးများနှင့် ပညာရေးစေတနာရှင်အလှူရှင်များ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မအဖွဲ့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန၏ ငွေရတုကာလမှတ်တမ်းဗီဒီယိုအကျဉ်းကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနနှင့် ပတ်သက်သည့် လုပ်ငန်းများကို မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက မြန်မာနိုင်ငံစာတတ် မြောက်ရေးအထောက်အကူပြု ပင်မအဖွဲ့သည် စာတတ်မြောက်ရေး အခြေပြုလုပ်ငန်းများကို အောင်အောင်မြင်မြင် စွမ်းစွမ်းတမံဆောင်ရွက်ရင်း (၂၅) နှစ်မြောက် ငွေရတုတိုင်လာပြီဖြစ်ပါကြောင်းနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနက်စကိုအဖွဲ့က ဖွင့်လှစ်သည့် အာရှပစိဖိတ်ဒေသ၏ (၁၃) ခုမြောက်စင်တာသည် မြန်မာနိုင်ငံတွင်ဖြစ်၍ Myanmar Litercy Resource Centre အဖြစ် ဖွဲ့စည်းလာနိုင်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူတို့၏ လှူဒါန်းမှုဖြင့် MLRC ကို ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၁ ရက်တွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး လုပ်ငန်းအရပ်ရပ်ကို အစပျိုးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများအား ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင်လှိုင်နှင့် ဒေါက်တာတင်ညိုတို့က အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ယင်းနောက် ဒေါ်ခင်လှလှ ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးတင်လှိုင်က မုဒိတာစကားပြောကြားပြီး NFPE အစီအစဉ်မှ ထူးချွန်သူသင်္ချာဂုဏ်ထူးတန်းကျောင်းသူ မမြင့်မြတ်သူက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ငွေရတုပြည့်မြောက်သည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနအပေါ်ထပ်ရှိ စာတတ်မြောက်ရေး အထောက်အကူပြု ပညာရေးပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေးသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး(26th ASEAN Chiefs of Army Multilateral Meeting–26th ACAMM)သို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုယ်စား တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ Pan Pacific Hotel ၌ ကျင်းပပြုလုပ်သည့် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (26th ACAMM)နှင့် (၁၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့်အရာခံဗိုလ်များ နှစ်ပတ်လည်အစည်းအဝေး (13rd ASMASM) တို့၏ ပူးတွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် စင်ကာပူကာကွယ်ရေးဝန်ကြီး ချန်ချွန်စင်း (Mr. Chan Chun Sing)က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အစည်းအဝေးခေါင်းစဉ်ဖြစ်သော "ရာသီဥတုပြောင်းလဲမှုများနှင့်အတူ ပိုမိုထိရောက်သော HADR လုပ်ငန်းစဉ်များကြိုတင်ပြင်ဆင်ရေး (Climate Adaptation in HADR Operations)" နှင့်အညီ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကာ နေ့လယ်ပိုင်းတွင် အစည်းအဝေးပြီးဆုံးခဲ့သည်။ ထို့နောက် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (26th ACAMM)၏ ပူးတွဲကြေညာချက်အား သဘောတူညီခဲ့ကြပြီး တက်ရောက်လာကြသည့် အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ဘရူနိုင်းဘုရင့်တပ်မတော်၊ ကြည်းတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Aldi bin Haji Hassan ၊ ထိုင်းဘုရင့်တပ်မတော်၊ ဒုတိယကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Amarit Boonsuya ၊ စင်ကာပူတပ်မတော်၊ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian ၊ မလေးရှားဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Maruli Simanjuntak၊ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဗိုလ်ချုပ် Kongthong Soukhavong တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးတို့သည် စင်ကာပူကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian နှင့်ဇနီးတို့ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အလားတူ နေ့လယ်ပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိခဲ့ပြီး သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးမှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တောင်ကြီး နိုဝင်ဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တာဝန်ခံ ဦးခင်မောင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး ဖယ်ခုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ဖယ်ခုံမြို့ ဟိန်ဓမ္မရပ်ကွက်နှင့် ဈေးရှေ့ပိုင်းရပ်ကွက်တွင် ဒုတိယအကြိမ်မဲစာရင်း ကပ်ထားကြေညာမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပင်လောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများ၊ ပင်လောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တီကျစ်မြို့ ရပ်ကွက်(၁)နှင့် နောင်တရားမြို့ အမှတ်(၃)ရပ်ကွက်တို့တွင် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**





ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သောင်းဦး ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နော်ခမ်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် ဈေးတာဝန်ခံဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအာကာစိုးထိုက်နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ နိုဝင်ဘာ ၂၅ ရက်က ကျိုက်မရောမြို့မဈေးကြီးနှင့် ပိန်းနဲကုန်းကျေးရွာ အောင်ရတနာဈေးတို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ ကျိုက်မရော (ပြန်/ဆက်)

# သာစည်မြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**သာစည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မဲရုံမှူး၊ဒုမဲရုံမှူး လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်ပွဲနှင့် တစ်ဆက်တည်း သင်တန်းပို့ချခြင်းကို ယမန်နေ့က သာစည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်တို့က သင်တန်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ဆက်လက်ပြီးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များ၊ မဲရုံတစ်ရုံချင်း၌ တာဝန်ပေးခန့်အပ်မည့် မဲရုံအဖွဲ့ဝင်အရေအတွက်များ၊ တစ်ရုံချင်း ထားရှိမည့် မဲပေးစက်အရေအတွက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ ယင်းနောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများက သင်တန်းကို တစ်ဆက်တည်း ပို့ချကြောင်း သိရသည်။



သာစည်မြို့နယ်တွင် မဲရုံပေါင်း ၂၁၀ ရှိရာ မဲရုံမှူး၊ ဒုမဲရုံမှူး သင်တန်းကို အပတ်စဉ် နှစ်ခုခွဲ ပို့ချခြင်းဖြစ်ပြီး ပထမအပတ်စဉ်ကို နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ သင်တန်းသား ၂၁၀ ကို လည်းကောင်း၊ ဒုတိယအပတ်စဉ်ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်ထိ သင်တန်းသား ၂၁၀ ကိုလည်းကောင်း၊ ရပ်ကွက် / ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအတွက် လုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာ ၂၈ ရက်တို့တွင်လည်းကောင်း ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကိုယ်ဖော်ဆေး ကိုယ်ပြန်စား ကိုယ်လုပ်တာ ကိုယ်ပြန်ဖမ်း ကောက်ကျစ်လွန်းသူ KNU

စွမ်းပြည့်

**“ကေအင်န်ယူကို တစ်ခုမေးချင်တယ်။ တောက်လျှောက် အမြစ်တွယ်နေတဲ့ ယခုလို ဒုစရိုက် အလုပ်မျိုးတွေကို အတိတ်က ဘာကြောင့် မဖြေရှင်းခဲ့ကြပါသလဲ။ ယခုမှ ဘာကြောင့် ကမန်းကတန်း ကယ်တင်ရှင်ပမာ ထလုပ်ရပါသလဲ။ နိုင်ငံတကာဆိုပေမယ့် သူတို့လာစေချင်တာက အမေရိကန်ပါ။ အမေရိကန်တွေ မြန်မာနိုင်ငံထဲဝင်လို့ရအောင် လမ်းဖွင့်ပေးနေခြင်းသာ ဖြစ်ပါတယ်။ ပွဲလန့်တုန်း ဖျာခင်း၊ သူတို့တစ်ချိန်လုံး လုပ်စားလာတဲ့ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းမှာ သူတို့ပါဝင်ပတ်သက်မှုမရှိသယောင်သူများကိုအပြစ်ဖို့ ထိုးချနေခြင်းသာ ဖြစ်တယ်။ ရွေးကောက်ပွဲနီးခါနီး မရှုပ်ရှုပ်အောင် နိုင်ငံပျက်စီးအောင် လုပ်နေခြင်းသာ ဖြစ်တယ်။ ဒီအချက်က ရွေးကောက်ပွဲကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဖျက်ဆီးမယ်ဆိုတဲ့ ကေအင်န်ယူတို့အတွက် မှတ်တမ်းတင်ရမယ့် အထောက်အထားအဖြစ် ဆက်စပ်ယူလို့ရတယ်”**

မြန်မာပြည်သူလူထုအနေနဲ့ အမှန်သိသင့်ပါတယ်။ အောက်တန်းကျတဲ့ ကေအင်န်ယူဟာ နိုင်ငံအချို့ကို သေဖော်ညှိပြီး မြန်မာပြည်သူတွေကို မျက်လှည့်ပြနေပြန်ပါပြီ။ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နဲ့ တစ်ချိန်လုံး ကြီးပွားချမ်းသာအောင် လုပ်ခဲ့ကြတယ်၊ သူများမျက်ရည်၊ ချွေး၊ သွေးနဲ့ လမ်းခင်း၊ ဘဝတွေပျက်အောင် လုပ်ခဲ့ကြတယ်၊ နိုင်ငံတကာမသိအောင် ဖုံးဖိ မျိုသိပ်ပြီးမှ မြန်မာ့တပ်မတော်က မြန်မာနိုင်ငံ နိုင်ငံသားအားလုံး ဂုဏ်သိက္ခာအတွက် အွန်လိုင်းလိမ်လည်မှုလုပ်နေတဲ့နေရာတွေကို ဝင်ရောက်သိမ်းပိုက်ခဲ့ရာကနေ အားလုံးကို အမြစ်ပါမကျန် ဖြိုချဖျက်ဆီးနေကာမှ အွန်လိုင်းလိမ်လည်တဲ့နေရာတစ်ခုဆိုပြီး ကေအင်န်ယူက အသိမ်းပြ၊ လုပ်ပြကိုင်ပြနေခြင်းဟာဖြင့် အင်မတန်အောက်တန်းကျတဲ့ လုပ်ရပ်အဖြစ်သာ မှင်တက်အံ့သြမိရပါတော့တယ်။

**အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်**

မြန်မာနိုင်ငံအနေနဲ့ ကရင်ပြည်နယ် မြဝတီမြို့ KK Park နယ်မြေအတွင်း အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နဲ့ အွန်လိုင်းလောင်းကစားမှု (Online Gambling) တွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ သတ်မှတ်ပြီး တိုက်ဖျက်နေပါတယ်။ ယခုမှ မဟုတ်ပါဘူး၊ တရုတ်နိုင်ငံနဲ့လည်း နှစ်နိုင်ငံ Task Force ဖွဲ့စည်းပြီး ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ဒေသမှာ အွန်လိုင်းလိမ်လည်လောင်းကစားမှုတွေကို ပူးပေါင်းနှိမ်နင်းဆောင်ရွက်ခဲ့ဖူးပါတယ်။ ထိုစဉ်က ပါဝင်ပတ်သက်သူ ၅၃၃၈၈ ဦးကို သက်ဆိုင်ရာနိုင်ငံတွေကို ပြန်လည်လွှဲပြောင်းပေးခဲ့ရဖူးတယ်။

ယခုလည်း ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့မှာ ဒေသဖွံ့ဖြိုးရေးအတွက် စီးပွားရေးစီမံကိန်းများ အကြောင်းပြ၊ တရားမဝင် လောင်းကစားရုံတွေထောင်၊ အွန်လိုင်းလိမ်လည်လောင်းကစားတွေ ကေအင်န်ယူက ဦးစီးဦးဆောင်လုပ်ပြီး လုပ်ခဲ့ကြပြန်တယ်။

ကရင်လက်နက်ကိုင်နဲ့ PDF စိုးမိုးနယ်မြေအားလုံးနီးပါးမှာ လမ်း၊ လျှပ်စစ်၊ အင်တာနက် အခြေခံအဆောက်အအုံ အပြည့်တည်ဆောက်ပြီး နိုင်ငံခြားသားအလုပ်သမား ထောင်ချီအသုံးပြုခဲ့ကြခြင်းဖြစ်တယ်။ တရားမဝင် ဒီလိုလုပ်ငန်းတွေအတွက် လိုအပ်တဲ့ စက်ပစ္စည်းကိရိယာ၊ လူသားအရင်းအမြစ်၊ အင်တာနက်ကအစ အရင်းအမြစ်အားလုံး ဘယ်ကလာသလဲ ထင်ရှားလွန်းပါတယ်။ မြန်မာနိုင်ငံအရင်းအမြစ်က မဟုတ်တာတော့ လုံးဝသေချာတယ်။ ဒါကြောင့်လည်း တရားမဝင်လုပ်ငန်းမှန်သမျှ လုပ်နေတဲ့ အဖွဲ့အစည်းအားလုံးကို နိုင်ငံတကာ (တရုတ်၊ ထိုင်း၊ မြန်မာနိုင်ငံ) တို့ ပူးပေါင်းပြီး နှိမ်နင်းတိုက်ဖျက်နေကြခြင်းဖြစ်ပါတယ်။ နှိမ်နင်းမှုက ထိရောက်မှုလည်း ရှိပါတယ်။ အမျိုးသားရေးတာဝန်ဖြစ်တဲ့အတွက် တရားမဝင်လုပ်ငန်း လုပ်ကိုင်ကြတဲ့ ရွှေကုက္ကိုလ်၊ KK Park ၊ ကျောက်ခတ်နယ်မြေတွေကို ဇုန်သုံးခု သတ်မှတ်ပြီး အပြီးတိုင်ဖြိုချဖျက်ဆီး ဆောင်ရွက်နေကြပါတယ်။ တစ်ပတ်အတွင်းမှာ အဆောက်အအုံရာချီ၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်း ထောင်ချီ၊ စတားလင့်ခ် ဆက်သွယ်ရေးစက်ပစ္စည်း ရာချီပြီး ဖြိုချဖျက်ဆီးနိုင်ခဲ့တာ တွေ့ရတယ်။ တရားမဝင်ပြည်ပနိုင်ငံသားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေဆီ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့တယ်။ ဒီအချက်အားလုံးဟာ ကမ္ဘာသိ၊ မြန်မာသိ မြန်မာနိုင်ငံရဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အမျိုးသားရေးဆောင်ရွက်ချက်များပါပဲ။

**ဇာတ်လမ်းတစ်ခုပမာ၊ ရှေ့ကဖုံး နောက်ကပေါ်**

ကေအင်န်ယူဟာ မြဝတီမြို့တောင်ဘက် ဖလူး (မင်းလက်ပံ) ဒေသကို နိုဝင်ဘာလ ၂၄ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် နယ်မြေအခြေအနေဟာ အနည်းငယ်တော့ ရှုပ်ထွေးသွားခဲ့တယ်။ DKBA စခန်းချတဲ့နေရာကို ဝင်ရောက်ထိန်းသိမ်းပြီး အွန်လိုင်းလိမ်လည်မှုပြုရာနေရာကို သိမ်းပိုက်ခဲ့တယ်လို့ဆိုတယ်။ သူတို့သိမ်းပိုက်ထားတယ်ဆိုတဲ့ နေရာမှာ၊ အွန်လိုင်းလိမ်လည်မှုမှာ ပါဝင်ပတ်သက်ခဲ့တဲ့ နိုင်ငံခြားသားတွေကို လာရောက်ခေါ်ယူဖို့ နိုင်ငံတကာကို တောင်းဆိုပြတယ်။ သိမ်းယူပြီး ချက်ချင်းဆိုသလို ထိုင်းနဲ့ နိုင်ငံတကာအေဂျင်စီတွေကိုချိတ်၊ ဆက်သွယ်အကြောင်းကြား၊ အထောက်အထားတွေစု၊ အကဲဖြတ်အဖွဲ့တွေဖွဲ့၊ လုံခြုံရေးတွေဖြန့် စသည်ဖြင့် တကယ့်ကို ရေပက်မဝင်တဲ့ ဇာတ်တိုက်ထားတဲ့ စီမံချက်ပမာ တစ်စုံတစ်ဦးရဲ့ ညွှန်ကြားချက်ကို နာခံပြီးလုပ်နေသလား ထင်ရလောက်အောင် စနစ်တကျရှိလွန်းခြင်းဟာဖြင့် ဇာတ်လမ်းဇာတ်ကွက်ပမာ ထင်ရှားလှပါတယ်။

ဒါ့အပြင် သူတို့ဟာ နိုင်ငံခြားသားတွေရဲ့ အသက်အန္တရာယ်ကို အချိန်နှင့်အမျှ အလွန်စိုးရိမ်လာရကြောင်း အကြောင်းပြပြီး နိုင်ငံခြားသားတွေကို ကယ်တင်ဖို့၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမှာ နိုင်ငံတကာကို ပူးပေါင်းဆောင်ရွက်ဖို့ မျက်ရည်ချူတာတွေ့ရတယ်။ အမှန်တကယ်က ကေအင်န်ယူဟာ ဝင်ရောက်တိုက်ခိုက်ပြီး နိုင်ငံခြားသားတွေကို ဖမ်းဆီးထားတဲ့ပုံစံနဲ့သာ ပိုတူနေတယ်။ အကူအညီတောင်းတာက အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ထိုင်းနိုင်ငံကို အဓိကဦးတည်တာ တွေ့ရတယ်။ ဒီနိုင်ငံတွေဟာ ယခင်အပတ်များကတည်းက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမှာ မြန်မာနိုင်ငံနဲ့အတူ နယ်စပ်ဒေသတစ်လျှောက်မှာ လက်တွဲဆောင်ရွက်နေတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ဘာကို အထူးစိုးရိမ်နေသလဲဆိုတာ မသိရပေမယ့် လူသားချင်း စာနာထောက်ထားမှု အခြေခံမူတွေအတိုင်း မတန်မရာ ဆိုထားပြီး ... သူခိုးက လူဟစ်၊ နယ်စပ်က မြန်မာလုပ်သားတွေကို အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ဖူးသူတွေ၊ မုဒိမ်းကျင့်၊ လူသတ်ဖူးခဲ့ကြတဲ့ ကေအင်န်ယူလို မိစ္ဆာယုတ်တွေရဲ့ ပါးစပ်ကမှ ပြောထွက်တဲ့စကား၊ နားရှိလို့သာ ကြားရပါတယ်။

သူတို့တွေက ပိတ်မိနေတဲ့ နိုင်ငံခြားသားတွေကို နိုင်ငံ/လူမျိုးအလိုက် ခွဲခြားခဲ့ပြီး လက်ဗွေရာနဲ့တကွ မှတ်တမ်းတင်၊ စာရွက်စာတမ်းတွေကို စနစ်တကျရှာဖွေသိမ်းဆည်းနိုင်ခဲ့တယ်လို့ဆိုတယ်။ ကေအင်န်ယူရဲ့ အချိန်တိုအတွင်း အချိန်ကိုက်လုပ်ရပ်တွေကို ကြည့်ရတာ ဒီလိုလုပ်ငန်းမျိုးကို ဒီနယ်ပယ်မှာ အထူးကျွမ်းကျင်နေပုံရတယ်။ အွန်လိုင်းလိမ်လည်မှုနဲ့ မစိမ်းတဲ့သဘောပါ။ Online Scam လုပ်ငန်းတွေမှာ ယခင်ကတည်းက ကျွမ်းကျင်နှံ့စပ်နေပုံရပြီး လုပ်ဖူး၊ ကိုင်ဖူးပုံပေါက်နေတာ၊ ရှေ့ကဖုံး နောက်ကပေါ်နေတာ သတိထားမိကြပုံမရ။ နောက်ပြီး ကေအင်န်ယူနဲ့ တိုက်ပွဲဖြစ်တဲ့ DKBA အဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးဟာ အမေရိကန်ဘဏ္ဍာရေးဌာနရဲ့ ပိတ်ဆို့အရေးယူမှုအောက်မှာ သတ်မှတ်ခံရတဲ့ DKBA ခေါင်းဆောင် လေးယောက်အနက်က တစ်ဦးဖြစ်တယ်လို့ ဆိုတယ်။ ဒါလည်း မဆန်းပါဘူး။ နယ်စပ်ဒေသ နေရာအနှံ့မှာ လက်နက်ကိုင်မျိုးစုံက ထိန်းချုပ်ထားကြတဲ့အတွက် အွန်လိုင်းလိမ်လည်မှုလုပ်တဲ့ကိစ္စမှာ နယ်စပ်ဒေသ တိုင်းရင်းသားအမည်ခံ EAO အများစု အနည်းနဲ့အများ ပါဝင်ပတ်သက်မှု ရှိနိုင်တာကို မငြင်းပါဘူး။ ဒီလိုအနေအထားမှာ တပ်မတော်နဲ့လက်တွဲဆောင်ရွက်နေတဲ့ DKBA အဖွဲ့နဲ့ ခေါင်းဆောင်မျိုးကိုမှရွေးပြီး ပိတ်ဆို့မှုလုပ်တာကိုပဲ ထူးသော်လည်း မဆန်းဟု ဆိုရခြင်း ဖြစ်ပါတယ်။

**နောက်ကွယ်က မြုပ်နေတာတွေ**

ကေအင်န်ယူကို တစ်ခု မေးချင်တယ်။ တောက်လျှောက် အမြစ်တွယ်နေတဲ့ ယခုလို ဒုစရိုက် အလုပ်မျိုးတွေကို အတိတ်က ဘာကြောင့် မဖြေရှင်းခဲ့ကြပါသလဲ။ ယခုမှ ဘာကြောင့် ကမန်းကတန်း ကယ်တင်ရှင်ပမာ ထလုပ်ရပါသလဲ။ နိုင်ငံတကာဆိုပေမယ့် သူတို့ လာစေချင်တာက အမေရိကန်ပါ။ အမေရိကန်တွေ မြန်မာနိုင်ငံထဲ ဝင်လို့ရအောင် လမ်းဖွင့်ပေးနေခြင်းသာ ဖြစ်ပါတယ်။ ပွဲလန့်တုန်း ဖျာခင်း၊ သူတို့တစ်ချိန်လုံး လုပ်စားလာတဲ့ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းမှာ သူတို့ပါဝင်ပတ်သက်မှု မရှိသယောင် သူများကို အပြစ်ဖို့ ထိုးချနေခြင်းသာ ဖြစ်တယ်။ ရွေးကောက်ပွဲနီးခါနီး မရှုပ်ရှုပ်အောင် နိုင်ငံပျက်စီးအောင် လုပ်နေခြင်းသာဖြစ်တယ်။ ဒီအချက်က ရွေးကောက်ပွဲကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ဖျက်ဆီးမယ်ဆိုတဲ့ ကေအင်န်ယူတို့အတွက် မှတ်တမ်းတင်ရမယ့် အထောက်အထား အဖြစ် ဆက်စပ်ယူလို့ရတယ်။ *စာမျက်နှာ ၇ သို့*

**❑ ကေအင်န်ယူဟာ မြဝတီမြို့တောင်ဘက် ဖလူး (မင်းလက်ပံ) ဒေသကို နိုဝင်ဘာလ ၂၄ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် နယ်မြေအခြေအနေဟာ အနည်းငယ်တော့ ရှုပ်ထွေးသွားခဲ့တယ်။ DKBA စခန်းချတဲ့နေရာကို ဝင်ရောက်ထိန်းသိမ်းပြီး အွန်လိုင်းလိမ်လည်မှုပြုရာနေရာကို သိမ်းပိုက်ခဲ့တယ်လို့ဆိုတယ်။ သူတို့သိမ်းပိုက်ထားတယ်ဆိုတဲ့နေရာမှာ၊ အွန်လိုင်းလိမ်လည်မှုမှာ ပါဝင်ပတ်သက်ခဲ့တဲ့ နိုင်ငံခြားသားတွေကို လာရောက်ခေါ်ယူဖို့ နိုင်ငံတကာကို တောင်းဆိုပြတယ်။ သိမ်းယူပြီး ချက်ချင်းဆိုသလို ထိုင်းနဲ့ နိုင်ငံတကာအေဂျင်စီတွေကိုချိတ်၊ ဆက်သွယ်အကြောင်းကြား၊ အထောက်အထားတွေစု၊ အကဲဖြတ်အဖွဲ့တွေဖွဲ့၊ လုံခြုံရေးတွေဖြန့် စသည်ဖြင့် တကယ့်ကို ရေပက်မဝင်တဲ့ ဇာတ်တိုက်ထားတဲ့ စီမံချက်ပမာ တစ်စုံတစ်ဦးရဲ့ညွှန်ကြားချက်ကိုနာခံပြီး လုပ်နေသလားထင်ရလောက်အောင် စနစ်တကျရှိလွန်းခြင်းဟာဖြင့် ဇာတ်လမ်းဇာတ်ကွက်ပမာ ထင်ရှားလှပါတယ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၃၁

ရက်

သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ (၁၅) ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့် နေ့ရက်နှင့် နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

*စာမျက်နှာ ၆ မှ*

ယခင်ကတည်းက ဒီနယ်မြေတွေကို ဘယ်သူထိန်းချုပ်ထားသလဲ၊ ဒီဒေသမှာ ဒီအွန်လိုင်းလိမ်လည်မှုလုပ်ငန်းပေါင်းစုံကို ဘယ်သူတာဝန်ယူပေးထားသလဲ၊ မြေငှားစာချုပ်ကိုကော ဘယ်သူ့လက်မှတ်နဲ့ ချုပ်ခဲ့သလဲ၊ လက်သည်အားလုံးက ကေအင်န်ယူချည်းပါပဲ။ နယ်စပ်ဒေသမှာ လက်နက်ခဲယမ်းမျိုးစုံ မှောင်ခို ရောင်းချဝယ်ယူ ထောက်ပံ့နေတာလည်း ကေအင်ယူပဲ။ တရားမဝင် နယ်စပ်ဂိတ်များစွာဖွင့်၊ တရားမဝင် ကုန်သွယ်မှုတွေ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချလုပ်နေတာလည်း သူတို့ပါပဲ။ NUG လက်အောက်ခံ PDF တွေကို နေထိုင်ခွင့်၊ တိုက်ပွဲဖော်၊ အဖျက်လုပ်ရပ် လုပ်ခွင့်ပေးပြီး တိုက်ပွဲရှောင်မှန်သမျှ လက်ခံ၊ လူ့အခွင့်အရေးအကြောင်းပြ နိုင်ငံတကာကနေ မျောက်ပြဆန်တောင်းပြနေတာလည်း သူတို့ပဲ။

အဓိကအချက်က အမေရိကန်ရဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့ ဖွဲ့ခဲ့ခြင်းနဲ့အတူ ယခု ကေအင်န်ယူရဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဇာတ်လမ်းဇာတ်ကွက် နောက်ကွယ်ကအခြေအနေတွေကို ဆက်စပ်ကြည့်ဖို့ လိုပါတယ်။ အမေရိကန်ဘက်က ယခုလို ဖွဲ့စည်းခဲ့ခြင်းရဲ့ နောက်ကွယ်မှာ နက်နဲတဲ့အကြောင်းတရားတွေ ရှိမယ်ဆိုတာ မြန်မာဘက်က ပြောထားပြီးသားဖြစ်တယ်။ ဆိုလိုတာက တရုတ်နိုင်ငံရဲ့ BRI အပါအဝင် တိုးတက်မှုအရှိန်အဟုန်ကို ကန့်သတ်ထိန်းချုပ်လိုတဲ့ အမေရိကန်ရဲ့ဖိအားပေးမှုအလုံးစုံကို ထည့်တွက်ရမယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကို ဟန့်တားလိုတဲ့ ရည်ရွယ်ချက်လည်း ရှိနိုင်တယ်။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံကို ဖိအားပေးလိုပေမယ့် အွန်လိုင်းလိမ်လည်မှုမှာ ၉၀ ရာခိုင်နှုန်းခန့် အဓိက ပါဝင်ပတ်သက်တဲ့ ထိုင်းနိုင်ငံကိုတော့ ဖိအားပေးတာ မတွေ့ရပြန်ဘူး။ အားလုံးက သူ့အကျိုးစီးပွားနဲ့သူ ခွဲခြားဆက်ဆံမှုတွေ တွေ့ရလိမ့်မယ်။

**နောက်ဆက်တွဲဆိုးကျိုးတွေ ထည့်မတွက်၊ မိမိကိုယ်ကျိုးအတွက်သာ**

ကေအင်န်ယူရဲ့လုပ်ရပ်ကတော့ အဆိုးဆုံးပါပဲ။ သူတို့လုပ်ရပ်က နယ်စပ်ဒေသအားလုံး တည်ငြိမ်အေးချမ်းမှုရှိအောင်၊ ရာဇဝတ်ဒုစရိုက်မှုခင်းတွေ လျော့ပါးပပျောက်ပြီး တရားဥပဒေစိုးမိုးမှုရှိလာအောင်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီး ငြိမ်းချမ်းရေးရရှိသည်အထိ ဆောင်ရွက်နေတဲ့ မြန်မာ့တပ်မတော်ရဲ့ကြိုးပမ်းမှုအားလုံးကို အဟန့်အတားဖြစ်စေပါတယ်။ ကေအင်န်ယူအနေနဲ့ ယခုလို အခြားလက်နက်ကိုင်အဖွဲ့တွေကို တိုက်ခိုက်ခြင်းဟာ နယ်မြေအတွင်း မတည်ငြိမ်မှုတွေကိုသာ ပိုတိုးလာစေမှာ ဖြစ်တယ်။ ပဋိပက္ခတွေ ပိုများလာမယ်၊ ထိခိုက်ဆုံးရှုံးမှုတွေ ပိုရှိလာစေပါတယ်။ ကေအင်န်ယူက တိုက်ခိုက်တဲ့အချိန်မှာ နိုင်ငံခြားသားအချို့ သေဆုံးဒဏ်ရာ ရရှိသွားတယ်ဆိုတဲ့ သတင်းတွေလည်း ကြားရတယ်။ ဒါကြောင့်လည်း မြန်မာ့တပ်မတော်အနေနဲ့ နိုင်ငံခြားသားတွေကို ကယ်တင်ရမယ့်လုပ်ငန်းတွေ ရှိလာပြန်တယ်။

❑ **ပြောရရင် ဘယ်တုန်းကမှ သန္ဓေမမှန်ခဲ့တဲ့ ကေအင်န်ယူဟာ ယခုအချိန်မှာ သူယုတ်အဖြစ် ပိုထင်ရှားလာတယ်။ သူတို့ရဲ့လုပ်ရပ်သာ စစ်မှန်ခဲ့ရင် သူတို့အတွက် အောင်ပွဲဆိုတာ ကြာခဲ့ပြီပေါ့။ ဒါကြောင့် ယခုအချိန်မှာမှ ကေအင်န်ယူအနေနဲ့ သူတော်ကောင်းယောင် မဆောင်ဖို့ အသိတရားရှိဖို့သာ သတိပေးပါရစေ။ တစ်ချိန်လုံးလုပ်လာခဲ့ကြတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့တကွ ဒုစရိုက်အမှုအားလုံးကို မြေလှန်ရှင်းပစ်ဖို့ တပ်မတော်အနေနဲ့ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာ ချထားပြီးပါပြီ။ ဒါကြောင့်လည်း ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာက ကရင်တိုင်းရင်းသားတွေအတွက်ကော၊ မြန်မာတစ်မျိုးသားလုံးအတွက်ကော၊ ဒေသအတွက် နိုင်ငံအတွက်ကော ဘယ်လိုမှ ကောင်းကျိုးမပေး နိုင်ငံခြားသားခံယူထားသူတွေ ဦးဆောင်နေတဲ့ ကေအင်န်ယူအဖွဲ့ကို လုံးဝချေမှုန်းသုတ်သင်ပြီး မြန်မာ့မြေပေါ်က အပြီးပျောက်ကွယ်သွားအောင် ဆောင်ရွက်ပေးပါဟူ၍သာ တောင်းဆိုလိုက်ရပါတော့တယ် ”**

နောက်ပိုင်းမှာ ကေအင်န်ယူဆိုတာ သူတို့ထိန်းသိမ်းထားတဲ့ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခဲ့တဲ့ နိုင်ငံခြားသားတွေကို ပြန်ပေးငွေယူပြီး ပြန်လွှတ်မယ့် လူစားမျိုးအထိ မြင်နေမိတယ်။ အကျိုးဆက်က တိုင်းရင်းသားအချင်းချင်း ပို၍ ရန်ဘက်ဆောင်လာရန်သာရှိပြီး နိုင်ငံပုံရိပ် ပိုကျဆင်းသွားဖို့ပဲ ရှိမယ်။ ဒီထက်ပိုပြီး အပြုသဘောဖြစ်မယ့် အကျိုးရလဒ် ဘာတစ်ခုမှ မမြင်ပါဘူး။

ဒါဆိုရင် ဒီလို အများအတွက် အကျိုးမများတဲ့ လုပ်ရပ်ကို ကေအင်န်ယူတို့ ဘာကြောင့် လုပ်ရပါသလဲ။ တိုင်းရင်းသားအမည်ခံလက်နက်ကိုင်တွေဟာ ကိုယ့်ကိုယ်ကိုယ် စစ်နယ်ရှင်တွေသဖွယ် ယူဆပြီး အချင်းချင်းဇာတ်တူသားစား နယ်မြေသိမ်းလေ့ရှိတဲ့ လူမိုက်လုပ်ရပ်မျိုးက အဆန်းမဟုတ်တော့ပါဘူး။ ယခုလည်း နိုင်ငံတကာက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကိစ္စ အာရုံစိုက်လာတဲ့အခြေအနေကို အခွင့်ကောင်းယူပြီး အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအကြောင်းပြ DKBA နယ်မြေတွေကို ဝင်သိမ်းခြင်းပါပဲ။ သူ့အကျိုးအတွက် နယ်မြေချဲ့စီးပွားရေးအကွက်ထွင်တဲ့သဘောပါ။ ကေအင်န်ယူတို့ရဲ့ ချိန်သားကိုက်အကွက်ဆန်းကို နိုင်ငံတကာနဲ့ တိုင်းရင်းသားပြည်သူတွေ သိနေရပါမယ်။

ပြောရရင် ဘယ်တုန်းကမှ သန္ဓေမမှန်ခဲ့တဲ့ ကေအင်န်ယူဟာ ယခုအချိန်မှာ သူယုတ်အဖြစ် ပိုထင်ရှားလာတယ်။ သူတို့ရဲ့လုပ်ရပ်သာ စစ်မှန်ခဲ့ရင် သူတို့အတွက် အောင်ပွဲဆိုတာ ကြာခဲ့ပြီပေါ့။ ဒါကြောင့် ယခုအချိန်မှာမှ ကေအင်န်ယူအနေနဲ့ သူတော်ကောင်းယောင် မဆောင်ဖို့ အသိတရားရှိဖို့သာ သတိပေးပါရစေ။ တစ်ချိန်လုံး လုပ်လာခဲ့ကြတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့တကွ ဒုစရိုက်မှုအားလုံးကို မြေလှန်ရှင်းပစ်ဖို့ တပ်မတော်အနေနဲ့ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာ ချထားပြီးပါပြီ။ ဒါကြောင့်လည်း ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာက ကရင်တိုင်းရင်းသားတွေ အတွက်ကော၊ မြန်မာတစ်မျိုးသားလုံးအတွက်ကော၊ ဒေသအတွက် နိုင်ငံအတွက်ကော ဘယ်လိုမှကောင်းကျိုးမပေး နိုင်ငံခြားသားခံယူထားသူတွေ ဦးဆောင်နေတဲ့ ကေအင်န်ယူအဖွဲ့ကို လုံးဝချေမှုန်းသုတ်သင်ပြီး မြန်မာ့မြေပေါ်က အပြီးပျောက်ကွယ်သွားအောင် ဆောင်ရွက်ပေးပါဟူ၍သာ တောင်းဆိုလိုက်ရပါတော့တယ်။ ။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကချင်ပြည်နယ်ရှိ အားကစားအဆောက်အအုံများ သန့်ရှင်းသာယာလှပရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်အားကစားကွင်းအတွင်း နုန်းသဲဖြည့်ခြင်း၊ မြက်စိုက်ခြင်းနှင့် အားကစားကွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လူထုအားကစား Mass Sport လုပ်ငန်းများမှ Excellent Sports ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအပါအဝင် လူထုပါဝင်လှုပ်ရှားသည့် အားကစားပြိုင်ပွဲများနှင့် လှုပ်ရှားမှုများကို စည်ကားသိုက်မြိုက်စွာဆောင်ရွက်ရန် မှာကြားပြီး ငြိမ်းချမ်းသာယာရေကူးကန်၏ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများ၊ လှပသစ်လွင်စေရန်နှင့် အပေါ်ဆိုင်းကြိုးများ သံချေးမတက်စေရန် ဆောင်ရွက်ထားရှိမှုများ၊ ခရိုင်အားကစားကွင်းအတွင်းရှိ သစ်ပင်ချုံနွယ် ရှင်းလင်းထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ၏ အစီအစဉ်ဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် ဘောလုံးအကယ်ဒမီသင်တန်းအတွက် သင်တန်းသားများ စိစစ်ရွေးချယ်လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး အားကစားသမားများ၏ လေ့ကျင့်မှုနှင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ၌ ဆိုလာရေတင် စီမံကိန်းဆောင်ရွက်မည့်နေရာ ကြည့်ရှုစစ်ဆေး

**မကွေး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၄ ရက်က သရက်ခရိုင် မင်းလှမြို့နယ် ပန်းတော်ပြင်အုပ်စု ဥယျာဉ်ကျေးရွာ စိုက်ပျိုးရေရရှိရေးအတွက် ဥယျာဉ်ဆိုလာရေတင်စီမံကိန်းဆောင်ရွက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒေသခံတောင်သူများအနေဖြင့် ရာသီမရွေးစိုက်ပျိုးရေရရှိပြီး သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် ဥယျာဉ်ကျေးရွာ အနောက်ဘက်ရှိ ဧရာဝတီမြစ်နှင့် ထိစပ်လျက်ရှိသည့် ဥယျာဉ်ကျေးရွာတွင် ဧက ၅၀၀ ခန့်ကို မြင်ကွန်းလျှပ်စစ်မြစ်ရေတင်ကဲ့သို့ လျှပ်စစ်ရေတင်တစ်ခု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဥယျာဉ်ဆိုလာ ရေတင်စနစ်ဆောင်ရွက်ပြီးပါက မိုးရာသီတွင် စပါး၊ မိုးနှမ်းနှင့် ဝါသီးနှံများကိုလည်းကောင်း၊ ဆောင်းရာသီတွင် ကုလားပဲနှင့် မတ်ပဲသီးနှံများကိုလည်းကောင်း၊ နွေရာသီတွင် စပါး၊ ပဲတီစိမ်းနှင့် နှမ်းစသည့် သီးနှံများကိုလည်းကောင်း တစ်နှစ်လျှင် သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများအတွက် လိုအပ်သည့် စိုက်ပျိုးရေကို ချိန်ကိုက်ပေးဝေနိုင်မည်ဖြစ်သည့်အတွက် သီးနှံအထွက်နှုန်းမြင့်မားလာကာ အကျိုးအမြတ်များ ရရှိခံစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာများကို ကျေးရွာအလိုက် တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာစာသင်ကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းဘူး(စကု)မြို့နယ် ကမ်းနီကျေးရွာ ရှေးဟောင်းဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်း ဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် လက်ဝှေ့ပြိုင်ပွဲနှင့် ဗိုလ်လုပွဲတက်ရောက်ဆုချီးမြှင့်

**ထားဝယ် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲသို့တက်ရောက်လာသည့် အမျိုးသား/အမျိုးသမီးများ၏ ကီလိုတန်းအလိုက် အကြိတ်အနယ်လက်ဝှေ့ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြုဆုချီးမြှင့်ပြီး အမျိုးသမီး အကောင်းဆုံးအားကစားသမားဆု ရရှိသည့် မြိတ်မြို့နယ်မှ မပန်းဆုပြည့်နှင့် အမျိုးသားအကောင်းဆုံးအားကစားသမားဆု ရရှိသည့် ထားဝယ်မြို့နယ်မှ မောင်လွင်မျိုးသန့်တို့ကို ဆုများ ပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီးလက်ဝှေ့ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်က ဂုဏ်ပြုဆုငွေနှစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက ၄၀ ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများ၊ ၅၂ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိသူများ၊ ၅၆ ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆု ရရှိကြသူများ၊ ၄၈ ကီလိုတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများ၊ ၅၁ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက ၅၇ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တစ်ဦးချင်းဆုနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေတစ်ခုရရှိသည့် ထားဝယ်မြို့နယ်နှင့် အမျိုးသမီးပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုရရှိသည့် မြိတ်မြို့နယ်တို့ကို တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်က ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သဲကုန်း၌ သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုး

**ပဲခူး နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ (မြေပဲ) စိုက်ပျိုးရန်အတွက် အသင်းသားများ ပိုင်ဆိုင်သောစိုက်ခင်းတွင် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းနှင့်ညီမျှသော ဆင်းပဒေသာ ၁၁ ဗီယက်နမ်မျိုးသွင်းအားစုများကို သမဝါယမအသင်းသား တောင်သူများအား ပံ့ပိုးဆောင်ရွက်ပေးထားသည့် အခြေခံသမဝါယမအသင်းခြောက်သင်း၊ အသင်းသားတောင်သူ ၇၂ ဦး၏ ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ဧက ၁၀၀၀ အနက်မှ ကြက်တိုက်ကျေးရွာ လပြည့်ဝန်းစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးလင်းဇော်၏ မြေပဲစိုက်ခင်း၌ အသင်းသား ၁၂ ဦး စိုက်ဧက ၁၄၀ တွင် မြေပဲစိုက်ပျိုးထားမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ယာဉ်မောင်းသူ၏ ပေါ့ဆမှုနှင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းမလိုက်နာမှုတို့ကြောင့် ယာဉ်မတော်တဆမှုများအဓိကဖြစ်ပွား

**ဘားအံ နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ်အတွင်း ယာဉ်တိုက်မှုများနှင့် သေဆုံးထိခိုက်မှုများတွင် လူကြောင့်ဖြစ်သည့် ယာဉ်မောင်းသူ၏ ပေါ့ဆမှုနှင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းမလိုက်နာမှုတို့သည် အဓိကအကြောင်းရင်းဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (၆/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးမှ သိရသည်။



အဆိုပါအစည်းအဝေးတွင် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အလွယ်တကူသိရှိနားလည်စေရေးပညာပေး အစီအစဉ်များ ပိုမိုဖြန့်ကြက်ဆောင်ရွက်စေလိုပြီး စည်းကမ်းပျက်ယာဉ်စစ်ဆေးအရေးယူမှုများ ပိုမိုထိရောက်စေရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဖွဲ့ဝင်များက ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် တွဲဖက်အတွင်းရေးမှူး အမှတ်(၁၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးက ယခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု၊ ကာလတူနှိုင်းယှဉ်ချက်၊ ဖြစ်ပွားရသည့်အကြောင်းရင်း လေးမျိုး၊ စည်းကမ်းပျက်မော်တော်ယာဉ်/ဆိုင်ကယ်ဖမ်းဆီးမှု၊ အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်ပြည်နယ်ဝန်ကြီးများက ယာဉ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာဆောင်ရွက်ရမည့်အစီအမံများ၊ ဆပ်ကော်မတီများနှင့် ခရိုင်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့များက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အကြံပြုဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုးနှောင်းဝါမျိုးများ ယှဉ်ပြိုင်စမ်းသပ်ခြင်းသုတေသနဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ၏ သုတေသနဝင်းအတွင်း၌ စမ်းသပ်စိုက်ပျိုးထားသည့် မိုးနှောင်းဝါမျိုးများ ယှဉ်ပြိုင်စမ်းသပ်ခြင်း သုတေသနစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက မိုးနှောင်းချဉ်မှုင်ရှည်ဝါ စမ်းသပ်စိုက်ပျိုးထားသည့် KTK-1၊ ငွေချည်-၁၁ ၊ RaKA-666 ၊ ရွှေတောင်-၈ ၊ B-31 မျိုးများ ယှဉ်ပြိုင် စိုက်ပျိုးထားခြင်း၏ ရည်ရွယ်ချက်များ၊ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မျက်မြင်တွေ့ရှိမှုမှတ်တမ်းများကို တင်ပြကြသည်။



တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဝါသီးနှံကဏ္ဍ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ဝါမျိုးမြှင့်တင်ခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့်ပညာရှင်များ မွေးမြူလေ့ကျင့်ပေးရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်ဝါမျိုးစေ့ လွှမ်းခြုံမှု အားကောင်းလာစေရေးအတွက် မျိုးစေ့အရည်အသွေးကို မှန်ကန်စွာ ဖော်ပြသည့် Truthfully Leveled Seed System ကို ဝါစိုက်ပျိုးတောင်သူများ ပါဝင်ဆောင်ရွက်စေခြင်း၊ မျိုးစေ့သက်သက်ကြိတ်ဝါးသည့် ဝါကြိတ်စက်များ ပေါ်ပေါက်လာစေခြင်းဖြင့် ရေရှည်တည်တံ့သော ဒေသန္တရမျိုးစေ့စနစ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လေ့လာမှုစစ်တမ်းများအရ ဝါတစ်ဧက ဆေးဖျန်းကုန်ကျစရိတ်သည် သုံးသောင်းခွဲကျပ်မှ ငါးသောင်းကျပ်ဝန်းကျင် ကုန်ကျပြီး ဝါစိုက်ပျိုးသည့် တစ်ရာသီအတွက် ပိုးသတ်ဆေးဖျန်းခြင်း သုံးကြိမ်မှ ငါးကြိမ်ခန့်အထိ ဆောင်ရွက်ကြရသဖြင့် စုစုပေါင်း ဝါစိုက်ဧကအတွက် ဝါစိုက်တောင်သူများက လိုအပ်မှ ထိရောက်စွာ ဆေးဖျန်းပါက လျော့ကျသွားမည့် ကုန်ကျစရိတ်ကိုတွက်ချက်၍ စီးပွားရေးတွက်ခြေကိုက်မှုကို စိစစ်စေလိုကြောင်း။

တောင်သူများအနေဖြင့် သီးနှံပင်များ ဖျက်ပိုးကျရောက်ပြီး စီးပွားရေးအရ ပျက်စီးဆုံးရှုံးမှု စတင်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အဆင့် (Economic Threshold Level – ETL)ကို သိရှိပြီး ပိုးသတ်ဆေးသုံးစွဲသည့် အကြိမ်ရေလျှော့ချနိုင်ရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးရမည်ဖြစ်ကြောင်း၊ ဝါသီးနှံဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် သုတေသီနှင့် နည်းပညာပြန့်ပွားရေး ပညာရှင်များအနေဖြင့် ဝါသီးနှံ၏ သဘာဝနှင့် လိုအပ်ချက်များအပြင် မျိုးဗီဇထိန်းသိမ်းခြင်းကို ဆောင်ရွက်မည့် သုတေသီများ၊ ဝါသီးနှံဆိုင်ရာ ဇီဝကမ္မဗေဒ၊ ဝါသီးနှံဆိုင်ရာ ရောဂါဗေဒ၊ ဝါသီးနှံဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များ၊ ဝါသီးနှံအထူးပြု စိုက်ပျိုးစီးပွားနှင့် လူမှုဘဝ သုတေသီပညာရှင်များ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဟာရဓာတ်အသုံးချမှု ထိရောက်စေရန်၊ အထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်နိုင်ရန်၊ စိုက်ပျိုးမှုကုန်ကျစရိတ်ထိရောက်စေရန်နှင့် မြေဆီလွှာကျန်းမာရေး တိုးတက်စေရန်တို့အတွက် ဝါပင်၏ ပင်ပိုင်းကြီးထွားမှုအဆင့်နှင့် မျိုးပွားကာလတွင် ဝါပင်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို စူးစမ်းရှာဖွေသွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝဌာနခွဲ၊ ဥယျာဉ်ခြံဌာနသို့ သွားရောက်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း အမယ်သစ်သီးနှံရရှိရေး စမ်းသပ်စိုက်ပျိုးထားသည့် ဆင်ခရမ်းချဉ် စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး၊ အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၁၈၃ တွဲ ရောင်းချရ

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။



ယနေ့တွင် ပြပွဲနဝမနေ့တွင် ဖွင့်ဖောက် စစ်ဆေးထားသည့် အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၆၈၅ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၈၉ တွဲအနက်မှ ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ၊ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၉၀၀ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၁၀ ၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၈၅ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၀၇၃ တွဲကို နေ့ရက်အလိုက် ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းကျော်စွာ**

**ဓာတ်ပုံ-ကိုအေးသန်း**

❖ *ကျော့ဖုံးမှ*

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ငါးပွဲကစားပြီး ရမှတ် ၁၀ မှတ်ဖြင့် နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းနိုင်မည့် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ ပြိုင်ဘက်ဘာစီလိုနာ အသင်းက ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ် ၇ မှတ်ဖြင့် နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့်ရရေး ရုန်းကန်ရဦးမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘင်ဖီကာအိုင်းယက်စ်ကို နှစ်ဂိုး - ဂိုးမရှိ၊ ယူနီယံစိန့်က ဂါလာတာစရေးကို တစ် ဂိုး-ဂိုးမရှိ၊ ဂျူဗင်တပ်စ်က ဘိုဒိုဂလင့်ကို သုံးဂိုး-နှစ်ဂိုး၊ ဒေါ့မွန်က ဗီလာရီးရဲကို လေးဂိုး-ဂိုးမရှိ၊ လေဗာကူဆင်က မန်စီးတီးကို နှစ်ဂိုး-ဂိုးမရှိ၊ မာဆေးလ်က နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုး၊ နာပိုလီက ကာရာဘတ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး စလာဗီရာနှင့် ဘီလ်ဘာအိုအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**

# ၂၀၂၅ ခုနှစ် ရူပဗေဒနိုဘယ်ဆုရပညာရှင်များအကြောင်း

## ဒေါက်တာသန့်စင်(ရူပဗေဒ)

**နိုဘယ်ဆုရွေးချယ်ပွဲကို နှစ်စဉ်အောက်တိုဘာလတွင် ကြေညာလေ့ရှိပါသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် နိုဘယ်ဆုကို ဆွီဒင်နိုင်ငံသား စီးပွားရေးနှင့် စွန့်ဦးတီထွင်သူ အယ်လ်ဖတ်နိုဘယ်(Alfred Nobel) က ၁၈၉၅ ခုနှစ်တွင် သူ၏ ကိုယ်ပိုင်ရန်ပုံငွေဖြင့် ပေးအပ်နိုင်ရန် စတင်ခဲ့ပါသည်။ ၁၉၀၁ ခုနှစ်တွင် ပထမဆုံးနိုဘယ်ဆုများကို ချီးမြှင့်ခဲ့ပါသည်။ ပေးအပ်သည့် နိုဘယ်ဆုများမှာ ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ စာပေ၊ ငြိမ်းချမ်းရေးဆုတို့ဖြစ်ပါသည်။ ၁၉၆၉ ခုနှစ်တွင် စီးပွားရေးဆိုင်ရာနိုဘယ်ဆုကို ထပ်မံချီးမြှင့်ခဲ့ပါသည်။**




၂၀၂၅ ခုနှစ်အတွက် ရူပဗေဒဆိုင်ရာနိုဘယ်ဆုကို အမေရိကန်နိုင်ငံသား သုံးဦးဖြစ်သည့် John Clarke (University of California, Berkeley, USA)၊ Michal H.Devoret (Yale University and University of California, sonta Barbara, USA) နှင့် Jom M.Martinis (University of California, sonta Barbara, USA) တို့က ရရှိခဲ့ပါသည်။ သူတို့သည် ရူပဗေဒဆိုင်ရာ ကွမ်တမ်မက္ကနစ် (Quantum Mechanic )နှင့် ပတ်သက်၍ ရရှိခဲ့ကြပါသည်။ “for the discovery of macroscopic quantum mechanical tunnelling and emergy quanti–sation in am electric circuit” တွေ့ရှိမှုဖြင့် ဆုချီးမြှင့်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်တင်ပြထားပါသည်။

ယခုနှစ် ၂၀၂၅ ခုနှစ်သည် ကွမ်တမ်မက္ကနစ်ကို စတင်သိရှိလေ့လာခဲ့ကြသည်မှာ နှစ် (၁၀၀) ပြည့်မြောက်ဖြစ်ပါသည်။ ကွမ်တမ်နှစ်(၁၀၀)ပြည့်ပွဲတော်ကို ၂၀၂၅ ခုနှစ်တွင် နိုင်ငံအသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်များတွင် စည်ကားစွာ ကျင်းပနေကြပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ယခုနှစ် ရူပဗေဒဘာသာ နိုဘယ်ဆုကိုလည်း ကွမ်တမ်မက္ကနစ်ဘာသာရပ်ဖြင့် ချီးမြှင့်ခြင်း ခံရပါသည်။

ကွမ်တမ်မက္ကနစ်ဆိုသည်မှာ လူတို့၏မျက်စိဖြင့် မမြင်ရသော အလွန်သေးငယ်သည့် အမှုန်လေးများ (ဥပမာ– အီလက်ထရွန်၊ ဖိုတွန်၊ မယ်ဘွန်...) စသည်တို့၏ ရွေ့လျားသွားလာမှုနှင့် စွမ်းအင်ပြုမှုတို့သည် သာမန်လူသားတို့မြင်နိုင်သည့် ပစ္စည်းများဖြစ်သော ရထား၊ ကား၊ လေယာဉ်ပျံ စသည်တို့၏ ရွေ့လျားမှုနှင့် စွမ်းအင်တို့နှင့် မတူညီကြပါ။ လူသားတို့မြင်နိုင်သော ဝတ္ထုပစ္စည်းများ၏ စွမ်းအင်နှင့် အရွေ့တို့ကို သိပ္ပံပညာရှင်နယူတန် (Newton)၏ နိယာမများဖြင့် ဖြေရှင်းနိုင်ပါသည်။

**ကွမ်တမ်မက္ကနစ်ဆိုသည်မှာ လူတို့၏မျက်စိဖြင့် မမြင်ရသော အလွန်သေးငယ်သည့်အမှုန်လေးများ (ဥပမာ- အီလက်ထရွန်၊ ဖိုတွန်၊ မယ်ဘွန်...) စသည်တို့၏ ရွေ့လျားသွားလာမှုနှင့် စွမ်းအင်ပြုမှုတို့သည် သာမန်လူသားတို့ မြင်နိုင်သည့် ပစ္စည်းများဖြစ်သော ရထား၊ ကား၊ လေယာဉ်ပျံ စသည်တို့၏ ရွေ့လျားမှုနှင့် စွမ်းအင်တို့နှင့် မတူညီကြပါ။ လူသားတို့မြင်နိုင်သော ဝတ္ထုပစ္စည်းများ၏ စွမ်းအင်နှင့် အရွေ့တို့ကို သိပ္ပံပညာရှင်နယူတန် (Newton)၏ နိယာမများဖြင့် ဖြေရှင်းနိုင်**

ယင်းကို ရှေးရိုးရူပဗေဒ (Classical Mechanics) ဟုခေါ်ပါသည်။ လူသားတို့မျက်စိဖြင့် မမြင်နိုင်သော အလွန်သေးငယ်သည့် အမှုန်များကို ကွမ်တာ (quanta)ဟုခေါ်ပြီး ၎င်းတို့၏ရွေ့လျားမှုသည် လှိုင်းပုံသဏ္ဍာန်ရွေ့လျားကြပြီး စွမ်းအင်ကို တွက်ချက်ရာတွင် အမှုန်၏ကြိမ်နှုန်း သို့မဟုတ် တုန်ခါနှုန်း (frequency) ဖြင့် တွက်ရပါသည်။ ထိုသို့ အမှုန်များ၏ စွမ်းအင်ကို လေ့လာရာတွင် ကွမ်တမ်မက္ကနစ်ကို အသုံးပြုရပါသည်။ ကွမ်တမ်မက္ကနစ်သည် တစ်ဦးကောင်းပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ၂၀ ရာစု ရူပဗေဒပညာရှင်တို့ ဖြစ်ကြသည့် မက်ပလန့်(Max Planck)၊ ဟိုင်ဇင်ဘတ်(Heisemberg)၊ ပေါလ်ဒီရက်(Paul Dirac)၊ နီဘိုးလဲ(Niels Bohr)၊ အာဝင် ရှဂိုးဒင်းဂျား (Erwin Schrodinger)နှင့် နာမည်ကျော် ရူပဗေဒပညာရှင်ကြီး အိုင်းစတိုင်း (Einstein)စသည်တို့၏ ကြိုးပမ်းမှုကြောင့် ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။




ယခုနှစ် ရူပဗေဒနိုဘယ်ဆုကို လိုဏ်ခေါင်းဖောက်ခြင်း( Macroscopic Quantum mechanical Tunnelling)ဆိုသည့် သုတေသနဖြင့် ရရှိသွားပါသည်။ ကွမ်တမ်လိုဏ်ခေါင်းဖောက်ခြင်းဆိုသည်မှာ ရေဒီယိုသတ္တိကြွပစ္စည်းများဖြစ်သော ယူရေနီယံ၊ သိုရီယမ် စသည့် ဒြပ်စင်များမှ အယ်လ်ဖာရောင်ခြည် ထွက်လာရာတွင် စိတ်ဝင်စားဖွယ်ဖြစ်ပျက်မှု တစ်ခုကို တွေ့ရပါသည်။ သင်သည် အမြင့် သုံးပေခန့်ကို ခုန်နိုင်သည်ထားပါ။ သင့်ရှေ့တွင် ၁၀ ပေခန့်မြင့်သော အုတ်တံတိုင်းတစ်ခု ကာရံထားပါက သင်သည် ထိုအုတ်တံတိုင်းကို ကျော်နိုင်ရန်မဖြစ်နိုင်ပါ။ ဘေးပတ်လည် အလုံပိတ်ထားသောကြောင့် ထိုအုတ်တံတိုင်းကို ဖောက်ထွက်သွားမှသာ အပြင်သို့ ရောက်နိုင်ပါမည်။ သို့ရာတွင် မျက်စိဖြင့်မမြင်ရသော အယ်လ်ဖာအမှုန်ကလေးများသည် သူ၏စွမ်းအင် 4 to 6 Mer(Mega electron Volt)သာ ရှိသော်လည်း ၎င်းကိုကာရံထားသည့် နျူကလီးယား၏ ကူလောင်ပိုတင်ရှယ်(Coulomb Potential) မှာ 28 Mer ဖြစ်ရသည်။ မည်သည့်နည်းနှင့်မှ ထိုအတားအဆီးကို ကျော်နိုင်မည် မဟုတ်ပါ။ သို့သော် ထိုနျူကလီးယားမှ အယ်လ်ဖာအမှုန်လေးသည် လွယ်ကူစွာဖောက်ထွင်းထွက်လာနိုင်ကြောင်းကို နျူကလီးယားရောင်ခြည်တိုင်းစက်ဖြင့် စမ်းသပ်တွေ့ရှိသွားပါသည်။

ထိုအခါ ယင်းဖြစ်ရပ်ကို ကွမ်တမ်နိယာမဖြင့် ဖြေရှင်းရပါတော့သည်။ အယ်လ်ဖာအမှုန်သည် သူ၏အတားအဆီး ကူလောင်ပိုတင်ရှယ်အမြင့်ကို ကျော်လွှားထွက်လာခြင်းမဟုတ်ဘဲ ထိုအတားအဆီးကို လှိုင်းပုံစံဖြင့် ခေါက်တုံ့ခေါက်ပြန်တုန်ခါကာ ဖောက်ထွင်းထွက်လာခြင်းဖြစ်ကြောင်း ကွမ်တမ်သီအိုရီဖြင့် ရှင်းပြနိုင်ခဲ့ပါသည်။ ထိုတွေ့ရှိချက်ကို ကွမ်တမ်လိုဏ်ဖောက်ခြင်းအကျိုး (Quantum Tunnelling Effect)ဟု ခေါ်ပါသည်။ သို့ရာတွင် ထိုသို့ လှိုင်းဖောက်ခြင်းသည် အလွန်သေးငယ်သည့် အမှုန်များ (Microscopic Porticle) တွင်သာ တွေ့နိုင်သည်ဟု ယူဆခဲ့ကြပါသည်။

ယခု ၂၀၂၅ ခုနှစ် ရူပဗေဒနိုဘယ်ဆုရပညာရှင် သုံးဦးကမူ ထိုသေးငယ်သော အမှုန်၏တွေ့ရှိချက်ကို အသုံးချကာ ၁၉၈၄ ခုနှစ်နှင့် ၁၉၈၅ ခုနှစ်တို့တွင် သုတေသနတစ်ခု ပြုလုပ်ခဲ့ပါသည်။ အလွန်သေးငယ်သော အခြေအနေတွင် လျှပ်ကူးပစ္စည်းတစ်ခုသည် စူပါ လျှပ်ကူးပစ္စည်း (Super conductor) ဖြစ်သွားပြီး ၎င်းတွင်ရှိသည့် အီလက်ထရွန်လေးများက ဆန့်ကျင်ဘက်လည်ပတ်မှု (ဥပမာတစ်ခုက လက်ယာဘက်လည်နေပါက အခြားတစ်ခုက လက်ဝဲဘက်လှည့်လည်နေပါသည်) ဖြစ်ကာ အီလက်ထရွန်စုံတွဲတစ်ခုဖြစ်လာသည်။ ၎င်းကို (cooper pair)ဟု ခေါ်ပါသည်။ ထိုအီလက်ထရွန် (electron) စုံတွဲများ ပေါင်းစည်းကာ အမှုန်တစ်ခုဖြစ်သွားပြီး လွန်ကဲလျှပ်ကူးမှုနှစ်ခုအကြားရှိ Josephon Junction ခေါ်သော လျှပ်ကာပစ္စည်းကို ဖြတ်ကာ လျှပ်စစ်ဖြတ်စီးဆင်းသွားနိုင်ကြောင်း လက်တွေ့စမ်းသပ်တွေ့ရှိသွားကြပါသည်။ ယခုနှစ် နိုဘယ်ဆုရရူပဗေဒသိပ္ပံပညာရှင်သုံးဦး၏ သုတေသနသည် အမှုန်အစုတစ်ခု အဝေးတစ်ခုကို လိုဏ်ဖောက်အကျိုးဖြစ်ရန် လျှပ်စီးပတ်လမ်းတစ်ခုဖြင့် ပြသနိုင်ခဲ့ပါသည်။ ထိုပစ္စည်းသည် လက်ဖဝါးပေါ်တွင်တင်ပြီး ပြသနိုင်လောက်အောင် ကြီးမားသည့် သုတေသန (Microscopic Quantum Mechnical Tunnelling) ကြီးမားသည့် ကွမ်တမ်လှိုင်းဖောက်အကျိုးဟု ဆိုထားပါသည်။

အထက်ပါတွေ့ရှိချက်ကြောင့် များမကြာမီ ရူပဗေဒပညာရပ်တွင် စူပါကွန်ပျူတာ၊ စူပါရေဒါ (Super Radar) စသည့် လူသားတို့အကျိုးပြု သုတေသန တီထွင်မှုများကို ပိုမိုဆန်းသစ်တီထွင်နိုင်ရန် အထောက်အကူပြုနိုင်တော့မည် ဖြစ်ပါသည်။ ။

**ယခုနှစ် ၂၀၂၅ ခုနှစ်သည် ကွမ်တမ်မက္ကနစ်ကို စတင်သိရှိလေ့လာခဲ့ကြသည်မှာ နှစ်(၁၀၀) ပြည့်မြောက် ဖြစ်ပါသည်။ ကွမ်တမ်နှစ်(၁၀၀)ပြည့်ပွဲတော်ကို ၂၀၂၅ ခုနှစ်တွင် နိုင်ငံအသီးသီးရှိ တက္ကသိုလ်၊ကောလိပ်များတွင် စည်ကားစွာ ကျင်းပနေကြပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ယခုနှစ် ရူပဗေဒဘာသာ နိုဘယ်ဆုကိုလည်း ကွမ်တမ်မက္ကနစ်ဘာသာရပ်ဖြင့် ချီးမြှင့်ခြင်းခံရ**








ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်နိုင်ငံခြားသားများ ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများပြုလုပ်နေစဉ်။

◆ *ကျော့ဖုံးမှ*

အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် KK Park နယ်မြေအတွင်းရှိ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ် ဆောင်ရွက်လျက်သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်း တရားမဝင် အဆောက်အအုံ ကိုးလုံးကို ထပ်မံဖြိုချ ဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း(၃) ပိုင်းတွင် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိသည့်အနက် ၂၄၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆောက်အအုံ ၄၁ လုံးအတွင်း ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းသုံး Computer၊ Mobile Phone နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိခြင်း မရှိကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး အဆောက်အအုံများ၊ လမ်းဆုံလမ်းခွများ၌ ထွက်ပြေးတိမ်းရှောင်ပုန်းအောင်း နေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၈၁ ဦး၊ မလေးရှားနိုင်ငံသား ခြောက်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ ဆီးရီးယားလီယွန်နိုင်ငံသား နှစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ တရုတ်(တိုင်ပေ)မှ နှစ်ဦး စုစုပေါင်း ၁၉၅ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀၊ starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ရှစ်ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၁၃ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။





တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ကိုးထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ငါးထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေစဉ်။

သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၁၄၄ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေး နိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၆၈၇ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ငါးထပ်တိုက်လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့်ဖြိုဖျက်ပြီး တွေ့ရစဉ်။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်အဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး







**နေပြည်တော် နိုဝင်ဘာ ၂၆**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည်ယနေ့တွင်မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ ဖြဟ္မဝိဟာရ ကျောင်းတိုက်၌ အခြေပြု၍ အဆိုပါ ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၁၇ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၅၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၈ ဦး၊ မျက်စိရောဂါ ၅၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ခါတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ မျက်စိကတော့ နဂိုတုန်းကတော့ အကောင်းပေါ့။ နောက်ပိုင်းကျ မျက်စိက တဖြည်းဖြည်းနဲ့ ပြာလာတယ်။ အခုကျမှ ခွဲရပါတယ်။ အခြားသွားရမှာနဲ့ စာရင် အိမ်တိုင်ရာရောက်လာပြီးတော့ ဆေးကုသပေးတဲ့အတွက်ကျေးဇူးလည်း တင်ပါတယ်။ နောက်ပြီးတော့လည်း ကြင်နာမှု၊ ယုယမှုလည်း နွေးထွေးပါတယ်။ ဂရုလည်း စိုက်ကြပါတယ်။ ပြည်သူလူထုကို နွေးထွေးသော မေတ္တာနဲ့ ကုသပေးတာ ကျေးဇူးတင်ပါတယ်။

၂။ ကျွန်မရဲ့ရောဂါက ဆီးအောင့်တဲ့ရောဂါပါ။ ဒူးကောက်ကြောတွေလည်း နာပါတယ်။ အဲဒါကို လာရောက်ပြသတာ ဖြစ်ပါတယ်။ အစပ်တွေ မစားပါနဲ့တဲ့။ ရေများများ သောက်ပါတဲ့။ ဝမ်းသာတယ်။ အခုလို လာပြီးတော့ ပြခွင့်ရတော့ အထူးလည်းကျေးဇူးတင်တယ်။ အခုလို လာပြတဲ့ လူနာတွေလည်း အကုန်အဆင်ပြေပါတယ်။ အကုန်လုံးလည်း စစ်စစ်ဆေးဆေးနဲ့ သူတို့က လုပ်ပေးပါတယ်။ ဘာမှလိုလေသေး မရှိပါဘူး။ ဆရာတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**သတင်းစဉ်**

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့သို့ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်







**နေပြည်တော် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကျိုကူးကျေးရွာမှ ပြန်လည်ထွက်ခွာ၍ ငပုတောမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင်ငပုတောမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝင်း၌ အခြေပြု၍ ဒေသခံပြည်သူ ၃၅၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၄ ဦး၊ ခွဲစိတ်ရောဂါ ၃၈ ဦး၊ သားဖွား မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၅၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၇၂ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၅၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ရှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါသည်-

၁။ လက်မောင်းက အနာက တော်တော်အခက်အခဲဖြစ်တယ်။ တော်တော်နာပြီး ပြည်တွေ ပေါက်သွားမှ သက်သာတယ်။ ဒူးခေါင်းကလည်း နာတော့ အရိုးပွတဲ့ဆေးတွေကိုပဲ သောက်နေရတယ်။ အဲတော့မှ သက်သာတာပါ။ သွားကလည်း ပလက်တီနမ်စိုက်တာတွေက အစတွေ ဝင်ပြီးတော့ ထမင်းလည်းမဝါးနိုင်ဘူး။ ရှေ့သွားနဲ့ပဲ စားရတယ်။ အဲဒါအခု လုပ်ပေးထားတယ်။ သဘော်ပေါ်ခါသွားပြီးတော့ လက်ကိုလည်း ထုံဆေးနဲ့ခွဲပေးမယ်။ နောက်တစ်ခေါက်တစ်လပိုင်းလာရင် ကျန်တဲ့သွားကို ပြန်နုတ်ပေးမယ်လို့ ပြောတယ်။ ဆေးတွေလည်း ပေးတယ်။ သွေးဖောက်ယူထားတယ်။ သွေးစစ်ပေးတယ်။ ဆီးချိုစစ်ပေးတယ်။ နွေးနွေးထွေးထွေး ရှိပါတယ်။ ဆရာမလေးတွေကလည်း လိုက်ပို့တယ်။ ဆရာဝန်လေးတွေကလည်း အကုန်အစုံမေးစမ်းပြီး စစ်ဆေးပြီးတော့ ကုသပေးပါတယ်။ ဘာမှမကုန်ကျဘဲလာပြီး ကုသပေးတာကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ အားလုံးလည်း ကျန်းမာချမ်းသာကြပါစေ။

၂။ လမ်းမလျှောက်နိုင်လို့ အဲဒါ လာပြတာ။ နာတဲ့အခါကျရင်လမ်းမလျှောက်နိုင်ဘူး။ မတ်တတ်ရပ်လို့ရှိရင်လည်း အကြာကြီး မရပ်နိုင်ဘူး။ ကျန်းမာရေးအခြေအနေကတော့ အရိုးကျီးပေါင်းဖြစ်တယ်လို့ ပြောတယ်။ ခုံမှာဒီလိုထိုင်ရမယ်။ ကြာရင်လေ့ကျင့်ခန်းလုပ်ရမယ်လို့ ပြောပါတယ်။ သူတို့က စေတနာပါပါနဲ့ လုပ်ပေးတယ်။ အိပ်လို့ရှိရင်လည်း ဒီအရိုးကြီးက၊ အရင်အရိုးကြီးက အဲလို မပေါ်ဘူးလေ။ အခုမှ အရိုးကြီးက ပေါ်လာတာ။ ထိုင်ရင် ထရင် ဇက်ခနဲထလို့ မရဘူး။ ဒီလိုပဲ ဖြည်းဖြည်းလေး ထရတယ်။ လာပြီးတော့ကုသပေးတဲ့ ဆရာတွေ ၊ ဆရာဝန်တွေ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## မြိတ်မြို့ နိဗ္ဗိန္ဒကျောင်းစာသင်တိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နိဗ္ဗိန္ဒကျောင်းစာသင်တိုက်ရှိ သံဃာတော်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သံဃာတော် ၄၈ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကာ စာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု ယူရီးယားဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ဆီများပေးအပ်

**မုံရွာ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် သွင်းအားစု ယူရီးယားဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ဆီများ ပေးအပ်ပွဲကို ယနေ့နံနက် ပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း ဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ မုံရွာ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ဒေသခံတောင်သူ များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုး စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ကြိုးစား ဆောင်ရွက်လျက်ရှိရာတွင် စပါး၊ ပဲမျိုးစုံ၊ ဆီထွက် သီးနှံအပါအဝင် စိုက်ပျိုးသီးနှံ ၆၀ ကျော်ကို ရာသီ အလိုက် အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်လျက် ရှိကြောင်း၊ မိမိတို့တိုင်းဒေသကြီးတွင် ပိုင်ဆိုင်ထား သည့် ရေခံမြေခံကောင်းများနှင့် အရင်းအမြစ်များကို အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကို အခြေခံသည့် ကုန်ချောထုတ်စက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာပေါ်ထွန်းလာရေးကိုလည်း ရှုထောင့် ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ် ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီး အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မိမိတို့ဌာနများ အလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်း ဒေသကြီးဝန်ကြီးများက မုံရွာမြို့နယ်အတွင်းရှိကျေးရွာ ၁၂ ရွာမှ ဒေသခံတောင်သူ ၃၀၀ အတွက် သွင်းအားစု ယူရီယားမြေဩဇာများနှင့် လယ်ယာသုံးစက် ဆီများကို ဒေသခံတောင်သူများထံ ပေးအပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများ၏ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန် ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေး သည်။

ဆက်လက်၍ အဆိုပါရုံးဝင်းအတွင်း မုံရွာမြို့နယ် အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ဒေသခံတောင်သူ ၃၀၀ အား လယ်ယာသုံးစက်ဆီများနှင့် စားသုံးဆီများ ခွဲဝေဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း၊ တိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် တာဝန်ထမ်း ဆောင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ သက်သာချောင်ချိရေးအတွက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နွားထိုးကြီးမြို့၌ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်

**နွားထိုးကြီး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီး မြို့၌ နိုဝင်ဘာ ၇ ရက်မှစတင်၍ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့် လှစ်နေပြီဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ နယ်မြေ ဒေသ အခြေအနေမတည်ငြိမ်မှု ကြောင့် လုံခြုံရေးတပ်ဖွဲ့နှင့် မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှအပ ကျန်ဌာန ဆိုင်ရာရုံးများမှာ ဖွင့်လှစ်နိုင်ခြင်း မရှိဘဲ အခြားမြို့များသို့ သက်ဆိုင် ရာဌာနအလိုက် တွဲဖက်တာဝန် ထမ်းဆောင်ခဲ့ကြရသည်။



ယခုအခါ နွားထိုးကြီးမြို့သည် နယ်မြေဒေသ အခြေအနေတည် ငြိမ် အေးချမ်းလာပြီဖြစ်သည့် အတွက် နိုဝင်ဘာ ၇ ရက်မှ စတင် ၍ ဌာနဆိုင်ရာရုံးများ ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ ၃၂ ရုံးမှ အရာထမ်း ၃၄ ဦး၊ အမှုထမ်း ၃၃၈ ဦးတို့ဖြင့် တာဝန်ထမ်းဆောင် နေကာ အခြေခံပညာကျောင်း ၁၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ နွားထိုးကြီး မြို့ပေါ်ရပ်ကွက်များ မှ ထွက်ပြေးတိမ်းရှောင်နေသည့် အိမ်ထောင်စု ၉၇၇ စု၊ လူဦးရေ ၂၂၈၄ ဦး ပြန်လည်ရောက်ရှိနေထိုင် လျက်ရှိသည်။

နွားထိုးကြီးမြို့ သန့်ရှင်း သာ ယာလှပရေးအတွက် တပ်မတော် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ နှင့် ဒေသခံပြည်သူများ ပူးပေါင်း ၍ ချုံနွယ်သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့ပေါ် ရပ်ကွက်များ လျှပ်စစ်မီးနှင့် ရေ ရရှိရေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိကြောင်း၊ ပြည်သူ များအတွက် ကျန်းမာရေးစောင့် ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များ ရှိ စားသောက်ကုန်လုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းဆိုင်များ ပြန် လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားယာဉ် လိုင်းများလည်း နေ့စဉ်ပုံမှန် ပြေးဆွဲနေပြီဖြစ်ကြောင်း သိရ သည်။ **ခရိုင်(ပြန်/ဆက်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများ အားဖြင့် သာယာမည်။ ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်း ချက်မှာ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန် များ အနည်းငယ်လျော့နည်းနိုင် သည်။ **မိုး/ဇလ**

# ကျိုက်ထိုမြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို နိုဝင်ဘာ ၂၆**

ကျိုက်ထိုမြို့နယ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက် နေသည့် ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ကော့ထင်းကျေးရွာ ကန်ပိုင်းလမ်း(ပထမပိုင်း) ကို ပြည်နယ်အစိုးရ အဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ သန်း ၁၇၀ ဒသမ ၃၅၁ ဖြင့်လည်းကောင်း၊ တိုင်ကော်တိုးချဲ့ကွက်သစ်ပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်နယ် အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ၇၃ ဒသမ ၅၀၀ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးခဲ့ကြောင်း သိရသည်။ **ကျိုက်ထို (ပြန်/ဆက်)**



# သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်အပေါ်ဆန်းစစ်ခြင်း ဆရာဖြစ်သင်တန်းဖွင့်

**ချမ်းမြသာစည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်း (Training of Trainer-TOT) ဆင့်ပွားဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က စားရေရိက္ခာ ဖူလုံ ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်းလုပ်ငန်းများအပေါ် ရှင်းလင်းပြောကြားသည်။

သင်တန်းကို သင်တန်းနည်းပြဆရာမ ဒေါက်တာမိုးဆွေရည်က



သင်တန်းသား သင်တန်းသူများအား စာတွေ့လက်တွေ့ ဆွေးနွေးပို့ချခဲ့ ကြောင်း သိရသည်။ **အလင်းသစ်(ချမ်း/စည်)**

**၂၆ - ၁၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၁၂၉၅ | ၁၁၁၃၇၀၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၅၅၁ | ၁၉၅၈၆၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၄၅ | ၃၄၂၀၀၀ |
| FPB | ၂၁၅၀ | ၂၁၅၀ | ၁၀၀ | ၂၁၅၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၃ | ၈၈၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၉၅၁ | ၁၅၈၁၇၀၀ |
| AMATA | ၃၆၅၀ | ၃၆၀၀ | ၁၅ | ၅၄၂၅၀ |
| MAEX | ၃၁၅၀ | ၃၁၀၀ | ၁၁၃၁ | ၃၅၃၅၈၀၀ |

# အတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ နေရာကို ဆက်ခံမည့်အမျိုးသမီးများ အမည်စာရင်းတင်သွင်းရန် အဖွဲ့ဝင်နိုင်ငံများကို ကုလတိုက်တွန်း

**နယူးယောက် နိုဝင်ဘာ ၂၆**

ကုလသမဂ္ဂသည် နောက်တက်မည့် အတွင်းရေးမှူးချုပ်အတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်နေပြီး အဆိုပါ ထိပ်တန်းရာထူးနေရာအတွက် အမျိုးသမီးများအား အမည်စာရင်းတင်သွင်းကြရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားသည်။

လက်ရှိ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ၎င်း၏ ဒုတိယငါးနှစ်သက်တမ်းကုန်ဆုံးမည့် ၂၀၂၆ ခုနှစ်ကုန်တွင် ရာထူးမှ အနားယူတော့မည်ဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ အန်နာလီနာဘာ ဘော့ခ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ မိုက်ကယ်အင်မ်ရန်ကနူးတို့သည် ဂူတာရက်စ်၏ နေရာဆက်ခံမည့်သူကို ရွေးချယ်ရန် လုပ်ငန်းစဉ်များ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်တွင် ပူးတွဲထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် ကိုယ်စားလှယ်လောင်းများသည် ကောင်းမွန်သော သံတမန်ဆက်ဆံရေးနှင့် ဘာသာစကားကျွမ်းကျင်မှုများအပြင် အခြားသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်သည်ဟု ဖော်ပြထားသည်။ ထို့ပြင် အတွင်းရေးမှူးချုပ်ရာထူးကို အမျိုးသမီးများထမ်းဆောင်ဖူးခြင်း မရှိသေးသည့်အတွက် နောင်တရမိကြောင်း ဖော်ပြထားပြီး အမျိုးသမီးကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို အလေးအနက်ထား စဉ်းစားရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**






အရီဇိုးနားပြည်နယ်ရှိ ဂရန်းကန်ယွန်အမျိုးသားဥယျာဉ်အတွင်း ခရီးသွားများကိုတွေ့ရစဉ်။

# အမေရိကန်အမျိုးသားဥယျာဉ်များသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားများအတွက် ဝင်ကြေးတိုးမြှင့်

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်နိုင်ငံတစ်ဝန်းရှိ အမျိုးသားဥယျာဉ်များသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများအတွက် ဝင်ကြေးကို လာမည့်နှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ သိသိသာသာတိုးမြှင့်သွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့က ပြောသည်။

နာမည်ကျော်ကြားလူကြိုက်များသည့် အမျိုးသားဥယျာဉ် ၁၁ ခု၌ နိုင်ငံခြားသားများအတွက် ဝင်ကြေးထပ်တိုးကောက်ခံမည်ဟု အမေရိကန်ပြည်ထဲရေးဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ကြေညာခဲ့သည်။

နှစ်စဉ်လက်မှတ်တစ်စောင်၏ ကုန်ကျစရိတ်မှာ လက်ရှိ ဒေါ်လာ ၈၀ မှ ဒေါ်လာ ၂၅၀ သို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်သည်။ နိုင်ငံခြားခရီးသွားများအတွက် ဝင်ကြေးကောက်ခံမှုတိုးမြှင့်မည့် အမျိုးသားဥယျာဉ် ၁၁ ခုတွင် ရဲလိုးစတုန်းနှင့် ဂရန်းကန်ယွန် အမျိုးသားဥယျာဉ်တို့လည်း ပါဝင်သည်။

အဆိုပါမူဝါဒသည် အမေရိကန် အမျိုးသားဥယျာဉ်စနစ်များကို ပံ့ပိုးပေးပြီးသားဖြစ်သည့် အမေရိကန်အခွန်ထမ်းပြည်သူများအတွက် တတ်နိုင်သည့်နှုန်းထားဖြင့် ဝင်ရောက်ခွင့်ရရှိရေးနှင့် နိုင်ငံတကာဧည့်သည်များသည် အမေရိကန်ရှိ အမျိုးသားဥယျာဉ်များ ထိန်းသိမ်းရန်နှင့် တိုးတက်အောင်ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေရန် ဝင်ကြေးတိုးမြှင့်ကောက်ခံခြင်းဖြစ်သည်ဟု ပြည်ထဲရေးဌာနအကြီးအကဲဖြစ်သူ ဒဲ့ခ်ဘာဂမ်က ပြောသည်။

အမျိုးသားဥယျာဉ်များသို့ ဝင်ကြေးတိုးမြှင့်ခြင်း အမိန့်ကို ဇူလိုင်လကတည်းက အမေရိကန်သမ္မတ ထရမ့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနှင့် မလေးရှားနိုင်ငံတို့၌ ရေကြီးရေလျှံမှုများဖြစ်ပွား လူပေါင်း သန်းနှင့်ချီ ရေဘေးသင့်မှုကြုံ

**ဘန်ကောက် နိုဝင်ဘာ ၂၆**

ရက်အတန်ကြာ စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီးနောက် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်သူများသည် ရေဘေးဒဏ်သင့်ကာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ဖြစ်ရပ်များကြောင့် ၃၃ ဦးထက်မနည်း သေဆုံးပြီး အခြားလူပေါင်း ၂ ဒသမ ၅ သန်းကျော်မှာ ရေဘေးဒဏ်သင့်မှုကြုံတွေ့နေရကြောင်း၊ စွန်ခလာနှင့် နာခွန်ဆီထမ်မာရတ် အပါအဝင် တောင်ပိုင်းပြည်နယ်အများအပြားရှိ လမ်းများ၊ အဆောက်အအုံများမှာ ရေလွှမ်းမိုးလျက်ရှိကြောင်း၊ လူပေါင်းအများအပြားမှာ ၎င်းတို့၏ နေအိမ်များတွင် ပိတ်မိနေပြီး လှေများဖြင့် ဘေးလွတ်ရာ ကယ်ထုတ်လျက်ရှိကြောင်း သိရသည်။

မိုးလေဝသအာဏာပိုင်များက မိုးပိုမိုရွာသွန်းမည် ဖြစ်ကြောင်း သတိပေးထားပြီး ရုတ်တရက်ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများကို သတိပြုနေထိုင်ကြရန် ပြည်သူများအား တိုက်တွန်းထားသည်။ ထိုင်းဝန်ကြီးချုပ် အနုတင် ချာရန် ဗီရာကွန်သည် စွန်ခလာပြည်နယ်သို့ သွားရောက်ပြီး ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ကြရန် တာဝန်ရှိသူများနှင့် စစ်ဘက်ဆိုင်ရာဝန်ထမ်းများကို ညွှန်ကြားထားသည်။

ထို့ပြင် အိမ်နီးချင်း မလေးရှားနိုင်ငံတွင်လည်း မုတ်သုံမိုးရွာသွန်းမှုများကြောင့် ဒေသအများအပြား ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရေး တာဝန်ရှိသူများက လူပေါင်း ၂၄၀၀၀ ကျော် နေအိမ်စွန့်ခွာပြီး ဘေးလွတ်ရာတိမ်းရှောင်နေကြရကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ထိုင်းနိုင်ငံတောင်ပိုင်း စွန်ခလာပြည်နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ကားများ၊ နေအိမ်များ ရေနစ်မြုပ်မှုကို တွေ့ရစဉ်။

# ဂါဇာဒေသ ပြန်လည်ထူထောင်ရေး အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ကျော် ကုန်ကျနိုင်

**ဂါဇာ နိုဝင်ဘာ ၂၆**

ဂါဇာဒေသ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ကျော် ကုန်ကျနိုင်သည်ဟု ကုလသမဂ္ဂအစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားသည်။

အစ္စရေးနှင့် ဟားမားစ်တို့၏ပဋိပက္ခဖြစ်ပွားမှုအပြီး ပျက်စီးနေသည့် နယ်မြေကို ပြန်လည်ထူထောင်ရန် ဆယ်စုနှစ်များစွာကြာမြင့်နိုင်သည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ (UNCTAD) က အဆိုပါအစီရင်ခံစာကို နိုဝင်ဘာ ၂၅ ရက်က ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာတွင် ဂါဇာဒေသ၏ စီးပွားရေးအခြေအနေများကိုလည်း ဖော်ပြထားသည်။ အဆောက်အအုံများ၏ ၇၀ ရာခိုင်နှုန်း ပျက်စီးခဲ့ပြီး ယင်းသို့ပျက်စီးမှုများကြောင့် လူသားချင်းစာနာထောက်ထားမှုနှင့် စီးပွားရေးဆိုင်ရာ အရေးပေါ်အခြေအနေကို ဖြစ်ပေါ်စေသည်ဟုလည်း ဖော်ပြထားသည်။

နိုင်ငံတကာအကူအညီများ ပုံမှန်စီးဆင်းရန် အရေးတကြီးလိုအပ်ကြောင်း ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ လက်ထောက်အထွေထွေ အတွင်းရေးမှူး ပီဒရိုကပြောသည်။ ယခုဖော်ပြသည့် အစီရင်ခံစာသည် ပါလက်စတိုင်းနယ်မြေများအားလုံးအတွက် အလုံးစုံပါဝင်သည့် ပြန်လည်ထူထောင်ရေး အစီအစဉ်အတွက် တောင်းဆိုခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစီရင်ခံစာတွင် ညှိနှိုင်းထားသော နိုင်ငံတကာအကူအညီများ၊ ဘဏ္ဍာရေးလွှဲပြောင်းမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ရန်တို့ ပါဝင်သည်။ အဓိပ္ပာယ်ပြည့်ဝသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးသည် မရှိမဖြစ် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# စက်တင်ဘာလအတွင်း ဘရူနိုင်းနိုင်ငံ၏ ကုန်သွယ်မှုစုစုပေါင်းတန်ဖိုးမှာ ဘရူနိုင်းဒေါ်လာ ၁ ဒသမ ၇ ဘီလီယံနီးပါးရှိ

**ဘန်ဒါဆီရီဘီဂါဝမ် နိုဝင်ဘာ ၂၆**

စက်တင်ဘာလအတွင်း ဘရူနိုင်းနိုင်ငံ၏ ကုန်သွယ်မှုစုစုပေါင်းတန်ဖိုးမှာ ဘရူနိုင်းဒေါ်လာ ၁ ဒသမ ၇ ဘီလီယံနီးပါး (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၁ ဘီလီယံ) အထိ ရောက်ရှိခဲ့ကြောင်း ဘရူနိုင်းနိုင်ငံ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ထားသော စာရင်းအင်းများအရ သိရသည်။

### ပို့ကုန်တန်ဖိုး ဘရူနိုင်းဒေါ်လာ ၁ ဒသမ ၀၃ ဘီလီယံရှိ

စက်တင်ဘာလအတွင်း ပို့ကုန်တန်ဖိုးမှာ ဘရူနိုင်းဒေါ်လာ ၁ ဒသမ ၀၃ ဘီလီယံရှိပြီး သွင်းကုန်တန်ဖိုးမှာ ဘရူနိုင်းဒေါ်လာ ၆၇၀ ဒသမ ၅ သန်း ရှိခဲ့ကြောင်း ဘရူနိုင်းနေ့စဉ်ထုတ်သတင်းစာ ဘော်ဒီယို ဘူလက်တင်၏ ဖော်ပြချက်အရ သိရသည်။

တွင်းထွက်လောင်စာများသည် ပို့ကုန်ဝင်ငွေရရှိမှုတွင် ၇၆ ဒသမ ၇ ရာခိုင်နှုန်းအထိရှိပြီး ယင်းနောက်တွင် ဓာတုပစ္စည်းများက ၂၁ ရာခိုင်နှုန်း၊ စက်ယန္တရားနှင့် သယ်ယူပို့ဆောင်ရေးပစ္စည်းများ ၀ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ကန့်ကြီးထောင့်မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

ကန့်ကြီးထောင့် နိုဝင်ဘာ ၂၆

ကန့်ကြီးထောင့်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်း အဝေးကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်ခိုင်တို့က ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှု၊ သမဝါယမဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သတ်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့တင်ပြသည့်အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။ ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများကို အတည်ပြုချက်ရယူခဲ့ပြီး အသင်းဝင်ကိုယ်စားလှယ်များက သဘောတူသဖြင့် သဘာပတိက အတည်ပြုခဲ့သည်။

ကန့်ကြီးထောင့် (ပြန်/ဆက်)

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပပြုလုပ်မည့် ဆရာကန်တော့ပွဲနှင့် အသက် (၈၀) နှင့် အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲအတွက် ပဒုမ္မာရွှေကြာဆေးတိုက်မှ ဦးအောင်လင်း-ဒေါ်ခင်သန်းနွဲ့ (ဂုဏ်ထူးဆောင် အသင်းဝင်) ဆရာခို/ ဓာတ်ခဲ့စတိုင်းရင်းဆေး (မိသားစုက)က အလှူငွေကျပ် ၂၇ သိန်း၊ ဆစ်ဒနီမြို့နေ ဦးမောင်မောင်-ဒေါ်ဥမ္မာခင် မိသားစုက အလှူ ငွေကျပ် ခြောက်သိန်း၊ USA နေ ဒေါ်သန်းသန်းငြိမ်း၊ ဒေါ်မြမြဦး၊ ဦးဇော်ဝင်းတို့က အလှူငွေကျပ် လေးသိန်းနှင့် သီဟသုမ္ပေမဏိ ဇောတရေ ဦးလှမြင့် (ရန်ကုန်)က အလှူငွေကျပ် တစ်သိန်းနှင့် ဦးမိုးယုဝင်း (အလုံ) က ငွေကျပ် ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ၃၈၅၀၀၀၀ ကို နိုဝင်ဘာ ၂၅ ရက်က မြို့မကျောင်းလမ်းရှိ ORIENTAL HOUSE စားတော်ဆက်တွင် လှူဒါန်းပေးအပ်ရာ



အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)နှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

အေးသန်း(စိန်တုံးကြီး)

## သာယာဝတီ၌ ရေဆင်းပေါ်ဆန်းစပါး တစ်ကွင်းတစ်စပ်တည်းကေ ၁၀၀ စိုက်ပျိုးနိုင်ရေး တောင်သူများနှင့်ဆွေးနွေး

သာယာဝတီ နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ချောင်းသုံးခွကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၉၈) ရှင်းလင်းဆောင်၌ ယမန်နေ့က သာယာဝတီ



ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းတို့က တစ်ကွင်းတစ်စပ်တည်း ရေဆင်းပေါ်ဆန်းစပါး ကေ ၁၀၀ စိုက်ပျိုးမည့်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ယခုစိုက်ပျိုးမည့်နွေစပါးတွင် Export Zone ဆောင်ရွက်မည့်အခြေအနေများနှင့် ရေဆင်းပေါ်ဆန်းစပါး ပန်းတိုင်အထွက်နှုန်းရရှိအောင်လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ပေါ်ဆန်းမွှေးဆန်ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့်အခြေအနေနှင့် ဈေးကောင်းရရှိသည့် အခြေအနေများ ရှင်းလင်းပြောကြားပြီး တောင်သူများမှတင်ပြလာသော အခက်အခဲများကို ချက်ချင်းဖြည့်ဆည်းပေးပြီး အမြန်အကောင်အထည်ဖော်စိုက်ပျိုးထုတ်လုပ်ရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်ဝတီ (ပြန်/ဆက်)



အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်ကွက်ရှိ ဆရာစံဈေး၌ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၆ ရက်က ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးပြီး ဈေးတာဝန်ခံ ဦးချစ်သဲအောင်၊ ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်းကာ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်စဉ်။ ၂၂၁

## စီမံကိန်းသီးနှံနေကြာစိုက် သမဝါယမအသင်းသားတောင်သူများအား မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်

ညောင်ရွှေ နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဆောင်းနေကြာစိုက် သမဝါယမအသင်းသား တောင်သူများသို့ မျိုးနှင့်သွင်းအားစုများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် သမဝါယမအသင်းစု အစည်းဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှထွဏ်းက မျိုးနှင့်သွင်းအားစုပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ်ရှိ နေကြာစိုက်သမဝါယမအသင်းများသို့ Suryakiran နေကြာမျိုးနှင့် သွင်းအားစုမြေသြဇာများကို ပြည်နယ်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ ညောင်ရွှေမြို့နယ်၌ သမဝါယမအသင်း ၁၀ သင်းမှ နေကြာစိုက်ကေ ၁၇၀၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း၊ မျိုးနှင့်သွင်းအားစု လိုအပ်



သော သမဝါယမအသင်း သုံးသင်းမှ အသင်းသားတောင်သူ ၁၃၄ ဦး၏ ဆောင်းနေကြာစိုက်ကေ ၆၄၆ ကေအတွက် တစ်ကေလျှင် ၂ ဒသမ ၅ သိန်းနှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## မြဝတီမြို့၌ လူမှုကွန်ရက်အသုံးပြုကာ လိုင်စင်မဲ့မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦး ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၆

မြဝတီမြို့၌ လူမှုကွန်ရက်အသုံးပြုကာ လိုင်စင်မဲ့မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူ



မြဝတီမြို့၌ လူမှုကွန်ရက်အသုံးပြုကာ လိုင်စင်မဲ့မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူ နောင်မင်းဆက်နှင့် ဖမ်းဆီးရမိ မော်တော်ယာဉ်များ၏ မှတ်တမ်းဓာတ်ပုံ။

တစ်ဦး ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ထိုသို့ လိုင်စင်မဲ့မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များ တရားမဝင်ရောင်းဝယ်အသုံးပြုခြင်းများအား တာဝန်ရှိသူများက စိစစ်ဖော်ထုတ်ဖမ်းဆီးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ TikTok လူမှုကွန်ရက်စာမျက်နှာ၌ @naungminsatt အကောင့်ဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များပြသကာ အရောင်းအဝယ်ပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် အဆိုပါအကောင့်ပိုင်ရှင်အားစိစစ်ခဲ့ရာ @naung-minsatt အကောင့်ပိုင်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ နောင်မင်းဆက် (၂၆)နှစ်ဖြစ်ကြောင်းသိရှိရပြီး ၎င်းမှာ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သစ်တပင်လမ်း အမှတ် (၄/၀၀၃၈)၌နေထိုင်ကာ ခြံဝင်းအတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များထားရှိ၍ အရောင်းအဝယ်ပြုလုပ်နေကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ နောင်မင်းဆက်အား အဆိုပါခြံဝင်းအတွင်းမှ YGN-7 1P-4273 TOYOTA LEXUS၊ KYN-4 9K-6698 BMW ၊ KYN-7 5K-6318 TOYOTA LEXUS အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး၊ စိစစ်ဆဲမော်တော်ယာဉ် တစ်စီး ပေါင်း လေးစီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လိုင်စင်မဲ့မော်တော်ယာဉ်များကို လူမှုကွန်ရက်အသုံးပြု၍ အရောင်းအဝယ်ပြုလုပ်နေသူ နောင်မင်းဆက်အား မြဝတီမြို့မရဲစခန်း(ပ)အမှတ် ၂၆၈/၂၀၂၅၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈ ဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းနှင့် အလားတူ အကောက်ခွန်မဲ့ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စီးနင်းအသုံးပြု၊ အရောင်းအဝယ်ပြုလုပ်ခြင်းများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပဲခူးမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၆**

ပဲခူးမြို့တွင် မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်းကို ယမန်နေ့က ပဲခူးတက္ကသိုလ်၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်နှင့် အီလက်ထရောနစ် မဲပေးစက်လုပ်ငန်းများအား ရှင်းလင်းပြောကြား၍ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်ထိန်းချုပ်စက်ကိုင်တွယ်သူများ၊ မဲရုံခင်းကျင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး သင်တန်းသား သင်တန်းသူ ၄၃၂ ဦး တက်ရောက်ပြီး နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## မုဒုံမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာပညာပေး သင်တန်းဖွင့်

**မုဒုံ နိုဝင်ဘာ ၂၆**

မုဒုံမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေး သင်တန်းကို ယမန်နေ့နံနက်ပိုင်းက အထက(၁)ကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်က ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်အချိန်ကာလ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်အကြောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးတို့၏ တာဝန်နှင့်ဝတ္တရားများ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ လေးဦးနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲရုံဖြည့်သွင်းရမည့်ပုံစံများ၊ မဲရုံပုံစံခင်းကျင်း၍ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာများကို သင်ကြားပို့ချမည် ဖြစ်ပြီး မဲရုံမှူး ၁၀၀၊ ဒုမဲရုံမှူး ၁၀၀ တက်ရောက်ကြောင်း သိရသည်။



ရာမည (ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၆**

မော်လမြိုင်ကျွန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံးမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်း လမ်းညွှန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသီဟန်စိုးက ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်စာအုပ်နှင့် မဲပေးစက်ကိုင်တွယ်ခြင်းဆိုင်ရာများကို စာတွေ့၊ လက်တွေ့ဖြင့် နှစ်ရက်ကြာ သင်ကြားပို့ချသွားမည် ဖြစ်သည်။ ရဲကိုမောင်(ပြန်/ဆက်)

## စစ်ကိုင်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**စစ်ကိုင်း နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကြွေပြားကပ်လုပ်သားအဆင့်(၁) သင်တန်းနှင့် ပိုက်ဆက်လုပ်သား အဆင့်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ စစ်ကိုင်းတိုင်း လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမင်းထွဋ်က သင်တန်းပို့ချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းများတွင် ကြွေပြားကပ်လုပ်သား အဆင့်(၁) သင်တန်းမှာ သင်တန်းကာလ လေးပတ်နှင့် ပိုက်ဆက်လုပ်သား အဆင့်(၁)သင်တန်းမှာ သင်တန်းကာလ နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ ဝန်းကျင်သာယာလှပဖို့ ပတ်ဝန်းကျင်ကိုထိန်းသိမ်းစို့ အသိပညာပေး

**မိုင်းဆတ် နိုဝင်ဘာ ၂၆**

